လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့

သြဂုတ် ၂၀၁၃

မြန်မာနိုင်ငံတွင်းရှိ မွတ်စလင် ဆန့်ကျင်ရေး အကြမ်းဖက်မှု ပုံစံများ

ကာကွယ်တားဆီးမှု နှင့် တာဝန်ခံမှုအပေါ် ခေါ်ဆိုခြင်းတစ်ရပ်

PHR
Physicians for Human Rights

မြန်မာနိုင်ငံ၊စစ်တွေမြို့၏မြို့စွန်မှအိုးအိမ်စွန့်ခွာခဲ့ကြရသူ ဒုက္ခသည်စခန်းတခုမှမိခင်တစ်ဦး ၊သူ့ကလေးများ နှင့် အတူမိုးကာတဲမှအပြင်သို့ကြည့်နေစဉ်။
Photo: PaulaBronstein/GerryImages

physiciansforhumanrights.org

လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့အကြောင်း

PHR
Physicians for Human Rights

လူ့အခွင့်အရေးဆိုင်ရာဆရာဝန်များ(PHR) မှ လူ့အခွင့်အရေးလုပ်ငန်းများတွင်တိုးတက်သောနည်းပညာဖြစ်သော ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာများဖြင့်လုပ်ဆောင်နေသည်မှာ ၂၅နှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။

၁၉၈၆

ချီလီနိုင်ငံအတွင်းညှင်းပန်းနှိပ်စက်မှု စုံစမ်းစစ်ဆေးမှုများကိုဦးဆောင်ခဲ့ပြီး၊ထိုဒေသရှိရဲစခန်းသတ္တိရှိသောဆရာဝန်များလွတ်လပ်မှုရရှိခဲ့သည်။

၁၉၈၈

ပထဆုံးအကြိမ် အီရတ်နိုင်ငံမှ ဓါတု အဆိပ်လက်နက်များဖြင့်ကူရဒ်နိုင်ငံအားတိုက်ခိုက်မှုအပေါ်သတင်းအချက်အလက်၊မှတ်တမ်းများကောက်ယူပြီးစစ်ပွဲအတွင်းပြစ်မှုကျူးလွန်သူများကိုတရားစွဲဆိုနိုင်ရန် လုပ်ဆောင်ခဲ့သည်။

၁၉၉၆

အပြည်ပြည်ဆိုင်ရာခုံရုံးသို့ တင်ပြနိုင်ရန်Balkans မြို့ အတွင်းမြေမြှုပ်ထားသောလူသေအလောင်းများကိုပြန်လည်တူးဖော်ခဲ့ပြီး၊ Bosniaနှင့်Kosovo မြို့ ရှိဒုဒသည်စခန်းများ၏အခြေအနေ၊အဖြစ်အပျက်များကိုသိအောင်လုပ်ဆောင်ခဲ့သည်။

၁၉၉၆

ရဝမ်ဒါ နိုင်ငံအတွင်း လူမျိုးတုံးသတ်ဖြတ်ခံနေရမှုအထောက်အထားများကို အပြည်ပြည် ဆိုင်ရာရာဇဝတ်မှု ကျူးလွန်သူများကို စီရင်သောခုံရုံးသို့ တင်သွင်းနိုင် ခဲ့သည်။

၁၉၉၇

အပြည်ပြည်ဆိုင်ရာမြေမြှုပ်မိုင်းဆန့်ကျင်တားဆီးရေးလုပ်ဆောင်မှုအတွက်နိုင်ငံတကာငြိမ်းချမ်းရေးဆုကို မျှဝေရရှိ ခဲ့သည်။

၂၀၀၃

အမေရိကန်မှအီရတ်နိုင်ငံအားဝင်ရောက်သိမ်းပိုက်မှုမပြုမီရိုန်နှင့်ပြုနေစဉ်အတွင်းဖြစ်ပေါ်နေသောကျန်းမာရေးနှင့်လူအခွင့်အရေးချိုးဖောက်ခံရမှုအခြေအနေများကိုအမေရိကန်ရှိမှုဝါဒရေးဆွဲသူများထံသို့တင်ပြသတိပေးခဲ့သည်။

၂၀၀၄

ဒါဖူ နိုင်ငံအတွင်း လူမျိုးတုံး သတ်ဖြတ်မှုများနှင့် လိင်ပိုင်းဆိုင်ရာစော်ကားခံရမှုအချက်အလက်များကိုကောက်ခံပြီးအပြည်ပြည်ဆိုင်ရာခုံရုံးသို့ တင်ပြနိုင်ခဲ့သည်။

၂၀၁၀

မြန်မာစစ်အစိုးရမှကျယ်ကျယ်ပျံ့ပျံ့ပြုလုပ်သောအကြမ်းဖက်နှိပ်စက်မှုလုပ်ရပ်များကိုစုံစမ်းစစ်ဆေးခဲ့သည်။

၂၀၁၂

လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှုနှင့် ဆိုင်သောအချက်အလက် ကောက်ခံမှုများအကြောင်း ကို Democratic Republic of the Congo, Kenya and Syria နိုင်ငံရှိ ဆရာဝန်များ၊ ဂရု နေများ၊ရဲများနှင့် တရားသူကြီးများအား သင်တန်းများပို့ချခဲ့သည်။

၂၀၁၃

ညှင်းပန်းနှိပ်စက်မှုများနှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုများကိုအချက်အလက်ကောက်ခံမှုနှင့် ပါတ်သက်ပြီးTech Challenge for Atrocity Prevention with MediCapt ဆုကိုပထမဆုံးအနေနှင့်ရရှိခဲ့သည်။

physiciansforhumanrights.org

©2013 Physicians for Human Rights.
All rights reserved.

Library of Congress Control Number: 2013946389

ISBN 1879707764

မာတိကာ

ရခိုင်ပြည်နယ်၊မင်းပြားမြို့ရှိရွာတစ်ရွာမှမွတ်စလင်ရိုဟင်ဂျာအမျိုးသားတစ်ဦးမှမီးလောင်သွားသောသူ့အိမ်တွင်ထိုင်နေစဉ်၊ အောက်တိုဘာ ၂၈၊ ၂၀၁၂ Photo: Than WIN/AFP/Getty Images

၂ စီရင်ဆုံးဖြတ်ခွင့်ရအာဏာချုပ်

၄ ကျေးဇူးတင်လွှာ

၅ နိဒါန်း

၈ ဇွန်လ ၂၀၁၂ ခုနှစ် မှ မြန်မာနိုင်ငံတွင်း မွတ်စလင် ဆန့်ကျင်ရေး အကြမ်းဖက်မှုဖြစ်ပွားရာဒေသများ

၉ နည်းလမ်းများ

၁၀ မျက်မြင်သက်သေများကိုကာကွယ်ပေးခြင်းနှင့် ကန့်သက်ချက်များ

၁၀ မြန်မာနိုင်ငံအတွင်း ဇွန်လ ၂၀၁၂ ခုနှစ်မှဖြစ်ပွားသော မွတ်စလင် ဆန့်ကျင်ရေးကြမ်းဖက်မှုဆန်းစစ်ချက်

၁၄ ရဲရဲရင့်ရင်လုပ်ဆောင်မှုများ

၁၇ လူအခွင့်အရေးချိုးဖောက်မှုများ

၂၄ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ

၂၆ နိဂုံး

၂၈ မူဝါဒဆိုင်ရာ အကြံပြုချက်များ

၃၂ မြန်မာနိုင်ငံရှိ မွတ်စလင်များ၏ သမိုင်းကြောင်း ဖေါ်ပြသောအချိန်ဇယား

၃၆ ကိုးကားချက်များ

စီရင်ဆုံးဖြတ်ခွင့်ရအကျဉ်းချုပ်

မြန်မာနိုင်ငံ(ရုံးသုံးအခေါ်အဝေါ်အရပြည်ထောင်စု မြန်မာနိုင်ငံတော်) ရှိဝိုင်ရင်းသားများ နှင့် အခြားသောလူနည်းစုများအပေါ်နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုလုပ်ရပ်သည်နိုင်ငံ၏လွန်ခဲ့သောအချို့သောဆယ်စုနှစ်တစ်စုများ၏ သမိုင်းဝင် အမှတ်အသားများအဖြစ်ရှိခဲ့သည်။ မြန်မာ့စစ်အစိုးရဟောင်းလက်ထက်တွင်ဝိုင်ရင်းသားများအပေါ် ပြစ်မှတ်ထား၍အတင်းအဓမ လုပ်အားပေးစေခိုင်းမှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အခြားပြင်းထန်သောပြစ်မှုများအား ပုံမှန်ပြုလုပ်ကျင့်သုံးခဲ့သည်။ ယခုလက်ရှိနည်းစနစ်အရဒီမိုကရေစီအစိုရလက်ထက်တွင်ပစ်ပယ်ခံထားရသောအဖွဲ့များအပေါ်အကြမ်းဖက်မှု မကြံစဖူးအဆင့်ထိကျယ်ပြန့်ခဲ့ပြီး မြန်မာနိုင်ငံအနှံ့အပြားရှိမွတ်စလင်များနှင့်ရိုဟင်ဂျာများမှ ၎င်းအကြမ်းဖက်မှုဖြစ်ရပ်သစ်နှင့်ရင်ဆိုင်ကြုံတွေ့နေရသည်။

နိုင်ငံသားဖြစ်ခွင့်ငြင်းပယ်ခံထားရသည့်အပြင် မြန်မာလူအဖွဲ့အစည်းမှဖယ်ထုတ်ခံ ထားရသော မွတ်စလင်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရိုဟင်ဂျာများအပေါ်အကြမ်းဖက်မှုနှင့်ဖိစီးနှိပ်စက်မှုသည် မြန်မာ နိုင်ငံတစ်ဝန်းလုံးရှိအခြားသော မွတ်စလင်များအထိ ကရက်ရိုက်ခတ်ခဲ့သည်။ စိုးရိမ်ဖွယ် လူအခွင့်အ ရေးချိုးဖောက်မှုနှင့် မွတ်စလင်ဆန့်ကျင်ရေး အကြမ် ဖက်မှု၏ ရလဒ်သည် အိုးအိမ် စွန့်ခွာခဲ့ကြရသူ ဒုက္ခသည်လူဦးရေ ၂၅၀,၀၀၀ နီးပါးရှိပြီး အိမ်ခြေ နှင့် ဗလီ အပါအဝင် ၁၀,၀၀၀ အထက်နှင့် ဘုန်းကြီးကျောင်းတစ်ဒါဇင်မျှပျက်စီးခဲ့သည်။

ဆက်တိုက်ဖြစ်ပွားနေသော အကြမ်းဖက်ဂရက်ရိုက်ခတ်မှုများသည် အစိုးရမှပြစ်ဒဏ်ခတ်ခြင်းမရှိသည့်အပေါ်တွင်များစွာမူတည်သည်။ မြန်မာအစိုးရ၏ ၄င်းပြည်သူများအပေါ် ကာကွယ်ပေးမှုနှင့်ရဲတပ်အရာရှိများမှ ကျူးလွန်သောလူ့အခွင့်အရေးချိုးဖောက်မှုများကိုဖြေရှင်းခြင်းအပါ၀ပျက်ကွက်နေမှုသည်စစ်အစိုးရသောစနစ်မှနိုင်ငံသားတိုင်း၏ အခွင့်အရေးများနှင့် အသံကိုအလေးထားကာကွယ်ပေးသောဒီမိုကရေစီနိုင်ငံသိုကူးပြောင်းနေသောလမ်းကြောင်းအဖို့ ကြီးမားသောအဟန့်အတားများသာဖြစ်သည်။

အဆိုးရွားဆုံးနှင့် စိုးရိမ်ဖွယ်ရာဖြစ်သော မွတ်စလင် ဆန့်ကျင်ရေးအကြမ်းဖက်မှုသာဓက တစ်ရပ်မှာ မတ်လ၊၂၀၁၃ တွင် မြန်မာနိုင်ငံအလယ်ပိုင်းမိတ္ထီလာမြို့ရှိမွတ်စလင်ကျောင်းသားများ၊ ဆရာ များနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားအမြောက် အများအသတ်ခံရသောဖြစ်ရပ်သာဖြစ်သည်။ လူအခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ (PHR) မှ ၄င်းသတ်ဖြတ်မှုအခင်း ဖြစ်ပွားရာသို့ နက်နဲ သောစုံစမ်းမေးမြန်းမှုများပြုလုပ်ပြီး မေလ၊၂၀၁၃ တွင် အစီရင်ခံ စာကို ထုတ်ပြန်ခဲ့သည်။ ဤအစီ ရင်ခံစာတွင် PHR မှတန်ိုင်ငံလုံးအဝိုင်အတာ အရအစွန်းရောက် အကြမ်းဖက်မှုသာဓကများ၊တစ်နိုင်ငံလုံးရှိအကြမ်းဖက်မှုဖြစ်ပွားရာနေရာများမှ စံနမူနာများကို တိုင်းတာခြင်းများပြုလုပ်ပြီး ၄င်းမှ တိုက်ခိုက်မှုကိုဖြစ်ပွားစေသောလူမျိုးခွဲခြားဆက်ဆံရေး၀ါဒနှင့်အမုန်းပွားစေသောမိန့်ခွန်းများကိုအစိုးရမှမှန်ကန်စွာဖြေရှင်းမှုပျက်ကွက် နေခြင်း အပေါ်တိုင်တာဖေါ်ပြ နေသည်။ များမကြာမီက ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုနောက်ကွယ်မှ အရင်းခံနှင့် အဖွဲ့အစည်း၏ အချက်အလက်နှင့် ပတ်သက်၍ဖေါ်ထုတ်ရန် လွတ်လပ်သော ကော်မရှင်တစ်ရပ်မှ စုံစမ်းမေးမြန်းမှုများ ပြုလုပ် ရန်လိုအပ်သည်။

အကြမ်းဖက်မှုနှင့် ဘာသာရေးအမုန်းပွားမှုရေစီးကြောင်း မြင့်တက်နေမှုကိုရပ်တန့်နိုင်ဖို့အဖြေရှာရန် မလွယ်ကူပေ။ မတူညီကွဲပြားမှုအပေါ်သဘောထား သေးသိမ်မှုနှင့်မွတ်စလင်ဆန့်ကျင်ရေး၊ မုန်းတီးမှုအပြင် မရေတွက်နိုင်သောအစိုရ၏ အခြားအပယ်ခံလူအဖွဲ့အစည်းများအပေါ်အမြတ်ထုတ်မှုများကို မည်ကဲ့သို့ကိုင်တွယ်သင့်သည်မှာ မြန်မာနိုင်ငံသားများအဖို့ ကြီးလေးသည့် တာဝန်သာ ဖြစ်သည်။

ပြည်သူများကို အကြမ်း ဖက်မှုလုပ်ရပ်မှ အသေအချာကာကွယ်ပေးရေး၊ ပြစ်မှုကျူးလွန်သူများအပေါ်စစ်ဆေးမှုပြုခြင်း ၊ဖမ်းဆီးမှုပြုလုပ်ခြင်းနှင့် ပွင်လင်းမြင်သာ၍ တရားမျှတမှုရှိသော တရားစွဲဆိုခြင်းနှင့် စီရင်မှုပြုလုပ်ခြင်းကိစ္စရပ်များသည်အစိုးရ၌အဓိကတာဝန်အရှိဆုံးဖြစ်သည်။

အစွန်းရောက်အကြမ်းဖက်မှု အဓိကရုဏ်းဖြစ်နေစဉ်ခိုက်ဖမ်းဆီးမှုအချို့ရှိနေခဲ့သည်ကိုဤအစီရင်ခံစာတွင်အတိအလင်းဖေါ်ပြထားသည်အတိုင်းအစိုးရမှတစ်ဦးချင်း၏ဖေါက်ဖျက်ကျူးလွန်မှုကိုသာတုန့်ပြန်မှုမပြုပဲပြည်သူလူထုတစ်ရပ်လုံး၏အခွင့်အရေးကိုကာကွယ်ပေးနိုင်သောလက်သင့်ခံမှုနှင့်သည်းခံခြင်းအဝန်းအဝိုင်းကိုပိုမိုအထောက်အကူပြုသင့်သည်။မတူညီကွဲပြာသောတိုင်းရင်းသားများအပေါ်လေးစားဂရု ပြုမှုရှိသည့် အကြမ်းဖက်မှုပပြောက်ရေးနှင့် ခိုင်မာ သောအဖြေ ရှာမှုများ ပြုလုပ်ရန် အတွက် မြန်မာနိုင်ငံအစိုရ၌ တာဝန်ရှိသည်။ အတည်တကျသတ်မှတ်ဖယ်ရှားပစ်မှုနှင့်ခွဲခြားမှုသည်စက်ဆုပ်ရွံရှာဖွယ်နှင့် ခိုင်မာမှုမရှိသောတုန့်ပြန်မှုဖြစ်ပြီး၄င်းမှအကြမ်းဖက်ဖြစ်ရပ်ကြောင့်သို့မဟုတ်ဖိစီးနှိပ်စက်မှုကြောင့်အိုးအိမ်စွန့်ခွာခဲ့ကြရသူဒုက္ခသည်များအပေါ်ယူကျုံးမရသောအကျိုးဆက်များစွာရှိသည်။

ယခင်ကအဆောင်နှိုခဲသောဗလီသည် အကြမ်းဖက်မှုအတွင်းဒုတ်ကျိုးဒုတ်ပဲ့များဖြင့်မြင်ရစဉ် မိတ္ထီလာမြို့၊ မြန်မာနိုင်ငံ၊ မတ်လ၊ ၂၀၀၃၊
Photo: Richard Sollom

မြန်မာ့စစ်အစိုးရဟောင်းများကိုလွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့်များမကြာသေးမီကဖြစ်သောအကြမ်းဖက်မှုလှိုင်းသစ်ဖြစ်ရပ်မှသည် အတိတ်မှပြစ်မှုများအပေါ် သင့်တင့်လျောက်ပတ်စွာ ချက်ချင်းတုန့်ပြန်ဖြေရှင်းမှုပြုရုံသာမကအကြမ်းဖက်မှုကျယ်ပြန့်ပြင်းထန်လာနေမှုအပေါ်ထိန်းချုပ်မှုချက်ချင်းပြုလုပ်ရန်တောင်းဆိုနေသည်။မြန်မာပြည်သူတစ်ရပ်လုံးသည်လည်း အမုန်းပွားစေသောမိန့်ခွန်းများ နှင့် လွတ်ငြိမ်းချမ်းသာခွင့်ရရှိနေမှုအပေါ်တိုက် ဖျက်ခြေမှုန်းဖို့ရန်နိုင်ငံတကာ စံချိန်စံညွှန်းအတွင်းမှ ထိရောက်ပြတ်သားသောလုပ်ရပ်များလုပ်ဆောင်ရန် ထိုက်တန်ပေသည်။ နိုင်ငံတကာရပ်ကွက်မှသည်လည်းများမကြာသေးမီမှမြန်မာနိုင်ငံ၏နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအချို့ကြောင့် အစိုးရနှင့်ထိတ်တိုက်ရင်ဆိုင်ပြောဆိုမှုကိုမဝန်လေးသင့်ပေ။ အကြမ်း ဖက်မှုရပ်တန့်ဖို့ရန် စိတ်အားထက်သန်နေ သူများအားလုံးအဖို့ အဆိုးဆုံးသော မြန်မာ နိုင်ငံ၏သာဓကဖြစ်သည့်လွတ် ငြိမ်းချမ်းသာ ခွင့်ရနေခြင်းနှင့် ပြည်သူများကိုလှုံ့ဆော်နိုင်သောနိုင်ငံရေး ခေါင်းဆောင်များမှရင်ဆိုင်ဖြေ ရှင်းပေးမှုမရှိသောပြစ်မှုများနှင့်အလွန်ကြမ်းကြုပ်ရက်စက်မှုလုပ်ရပ်ကဲ့သို့ အလားအလာရှိသော အရေးပေါ် သတိပေး အချက်ပြမှုများကို ရှုမြင်သင့်သည်။

မူဝါဒဆိုင်ရာအကြံပြုချက်များအပြည့်အစုံကို စာမျက်နှာ ၂၈ တွင်ဖတ်ရှုရန်။

ဤအစီရင်ခံစာအား PHR မှ ဥပဒေ အကြံ ပေး ဒါရိုက်တာ Andrea Gittleman, JD, PHR မှ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင် Marissa Brodney ၊ နှင့် ဆေးဘက်ဆိုင် ရာစေတနာ့ အကြံပေးဝန်ထမ်း နှင့် PHR ဥက္ကဋ္ဌဟောင်းဖြစ် သော Holly Atkinson (MD,FACP) မှ ရေးသား ပြုစုခဲ့သည်။

ဤအစီရင်ခံစာအား Holly Atkinsonနှင့် PHRမှ အရေးပေါ်အခြေအနေ ကိုင်တွယ်ရေး ဒါရိုက်တာ Richard Sollom (MA ၊ MPH) တို့မှ ဦးဆောင်ကာ မတ်လ၊ ဖေဖေါ်ဝါရီနှင့် မေလအတွင်း ကွင်းဆင်းသုသေသနပြုလုပ်ခဲ့မှုပေါ်တွင်အခြေခံ၍ရေးသားထားသည်။

ဤအစီရင်ခံစာအားPHRအဖွဲ့တွင်းရှိခေါင်းဆောင်များ၊ PHRအဖွဲ့တွင် လုပ်ကိုင်နေသူများ အပြင် အုပ်ချုပ်ရေးအဖွဲဝင် Donna McKay၊အပြည်ပြည် ဆိုင်ရာမူဝါဒရေးဆွဲရေးနှင့် ပူးပေါင်းဆောင်ရွက် ရေးဒါရိုက်တာ Susannah Sirkin၊ မူဝါဒစောင့် ကြည့်ရေးဆိုင်ရာ နှင့် ဝါရှင်တန် ဒါရိုက်တာ Hans Hogrefe၊ ဆက်သွယ်ရေးဒါရိုက်တာ DeDe Dunevant၊ နှင့် အပြည်ပြည်ဆိုင်ရာနိုင်ငံခြားရေး ရာဒါရိုက်တာStefan Schmitt မှပြန်လည် သုံးသပ်မှုများ ပြုလုပ်ခဲ့သည်။

PHR၏ ဆက် သွယ်ရေးဆိုင်ရာ ဒါရိုက်တာ Stephen Greene နှင့် PHR၏ စာအုပ်ထုတ်ဝေ ရေးတာဝန်ခံ Eliza B. Young တို့မှ ဤအစီရင်ခံ စာဖြစ်ပေါ်လာစေ ရန် ပြင်ဆင် တည်းဖြတ်မှုများ လုပ်ခဲ့သည်။

ဤအစီရင်ခံစာအား PHR၏ ဘုတ်အဖွဲ့ဝင်၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေး မူဝါဒပိုင်းဆိုင်ရာ ပူးတွဲပါမောက္ခ၊ အိချန်ဆေးဘက်ဆိုင်ရာကျောင်း၊ သုတေသနအဖွဲ့၏ ဒါရိုက်တာ၊ သိနတောင်ရှိ ကျန်းမာရေးဆိုင်ရာအသွင်အပြင်လက္ခဏာနှင့် တီထွင်ဆန်းသစ်လေ့လာမှုပြုသူများအဖွဲ့၏ ဒါရိုက်တာ Deborah Ascheim (InCHOIR)နှင့် PHR ဘုတ်အဖွဲ့ဝင်၊မက်ချီဂန်ဆေးတက္ကသိုလ် တွင် ကျန်းမာရေးအကျိုးရလာဒ်နှင့်ကျန်းမာရေး ပညာပေးခြင်းဆိုင်ရာများကိုသင်ကြားပေးနေ သော ပါမောက္ခ၊ Arbor VA's Center တွင် သုတေသနပြုလုပ်ခြင်းဆိုင်ရာစီမံခန့်ခွဲမှုကိုပြု လုပ်ပေးနေသော ပညာရှင်၊ မက်ချီဂန်ကျောင်း ရောဘတ် ဝုဒ်ဂျောန်ဆန် ဖောင်ဒေးရှင်း၏ ပညာ ရည်ချွန်ဆုပေးသည် ပူးတွဲ ဒါရိုက်တာ၊ မက်ချီဂန် ကျောင်း၏ Global REACH program ဒါရိုက်တာ Michele Hrisler (MD,MPA)တို့မှလည်းပြန် လည်ကြည့်ရှုပြင်ဆင်မှုပြုလုပ်ခဲ့သည်။

Brendan Sozer မှ ဦးဆောင်ပြီး ဤအစီရင်ခံစာ နှင့် ပတ်သက်သော နောက်ခံအချက်အလက် များနှင့် ပြုစုထားသောမူကြမ်းများကို PHR သင်တန်းသူ၊ သားများဖြစ်ကြသော Brianna Buckingham, Anna Patten, Katherine Robbins နှင့် Irina Volf တို့နှင့် တိုင်ပင် ဆွေးနွေးမှုပြုခဲ့သည်။

ဤအစီရင်ခံစာဖြစ်ပေါ်လာစေရန်နှင့်အချက်အ လက် ကောက်ခံမှုအတွက်အား Open society Foundation မှ ကူညီထောက်ပံ့ခဲ့သည်။

Anti-Muslim Violence: June 2012 to Present

May 28, 2012

A 27-year-old Buddhist Rakhine seamstress is raped and murdered by a group of men. The next day, police arrest three Muslim suspects.

June 3, 2012

A Rakhine mob pulls 10 Muslims from a bus and kills them in retaliation for the rape and murder of the seamstress. Anti-Muslim leaflets are distributed before the attack.

နိဒါန်း

မြန်မာမွတ်စလင်များအနေနှင့် ၂၀၁၂ လယ်လောက် ကပင်တိုက်ခိုက်မှုများကို ခံနေရပြီး ဒါဂ်ရာရသူများ၊ အိုးအိမ်ပျက်ဆီး ဆုံးရှုံးမှုများ၊ စီပွားရေးပျက်ဆီးများ နှင့်သေဆုံးမှုများရှိခဲ့သည်။ ယခုလက်ရှိဖြစ်ပေါ်နေသောအကြမ်းဖက်မှုမှာ မြန်မာနိုင်ငံအနောက်ပိုင်း၊ရခိုင် ပြည်နယ်တွင် ၂၀၁၂ခုနှစ် ဇွန်လအတွင်း မွတ်စလင် အမျိုးသားသုံးဦးမှ ဗုဒ္ဓဘာသာမိန်းကလေးတစ်ဦးအား မတရား မုဒိန်းကျင့်ပြီး သတ်ဖြတ်မှုမှ စတင်ခဲ့သည်။[၁] ထိုအမှုအခင်းဖြစ်ပွားပြီးနောက်ဗုဒ္ဓဘာသာလူတစ်စုသည်မွတ်စလင်အမျိုးသားကိုဦးနှင့် အမျိုးသမီးတစ်ဦးအားဘတ်စ်ကားပေါ်မှဆွဲချကာတရားဥပဒေ အရမဟုတ်ပဲ ပြစ်ဒဏ်ပေးသတ်ဖြတ်ခဲ့သည်။ ထိုမှစ၍ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်းတောရှိ[၂] ရိုဟင်ဂျာမွတ်စလင်လူမျိုးများနှင့် ရခိုင်လူမျိုးများကြားအဓိကရုဏ်းမီးစမှာပိုမိုကြီးထွားလာခဲ့သည်။[၃] မွတ်စလင်စလင်မဟုတ်သောရခိုင်လူမျိုးများမှာဇွန်လတွင်ဖြစ်ပွားခဲ့သောပြဿနာများကြောင့်ရိုဟင်ဂျာလူမျိုး များနှင့် အဓိကရုဏ်းများဖြစ်လာပြီး တစ်ချို့သော လုပ်ရပ်များတွင်ရဲများနှင့်စစ်တပ်ကပါပါဝင်အားပေးမှုများရှိနေသည်။ ထိုသို့ ဖြစ်ပွားမှုကြောင့် လူပေါင်း ၂၀၀ ကျော် သေပြီး၊ လူပေါင်း ၁၀၀,၀၀၀ အိုးမဲ့အိမ်မဲ့ ဖြစ်ကာ၊ အိမ်ခြေ၈,၅၀၀ပျက်စီးခဲ့သည်ဟု အစိုးရမှထုတ်ပြန်ခဲ့သည်။[၄] တစ်စနှင့်တစ်စထိုအဓိကရုဏ်းလိုင်းကြီးမှာ ရခိုင်ပြည်နယ်အတွင်း အုံ့ဆွေးနွေးဖြစ်နေရာမှ ၂၀၁၂ခုနှစ်အောက်တိုဘာလတွင်ထပ်မံဖြစ်ပွားခဲ့ သည်။ လူပေါင်း ၈၀ ကျော် သေဆုံးပြီး လူပေါင်း ၃၅,၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ကုန်ကြသည်။[၅] ထိုအချိန်မှ စ၍ မွတ်စလင်လူမျိုးများအပေါ် အကြမ်းဖက်မှုသည်မြန်မာနိုင်ငံတစ်လျောက်လုံး သို့ ကူးသွားခဲ့သည်။

လူအခွင့်အရေးချိုးဖောက်မှု၊မွတ်စလင်အကြမ်းဖက်မှုရလဒ်သည် ဇွန်လ ၂၀၁၂ မှ လူပေါင်း ၂၅၀,၀၀၀ထိ အိုးအိမ်မဲ့ဖြစ်ကာ၊[၆] အိမ်ပေါင်း ၁၀,၀၀၀ကျော် ဖျက်ဆီးခံရသည်။[၇] ထို့ အပြင် ဗလီကျောင်းများနှင့် ဘုန်းကြီးကျောင်း တစ်ဒါဇင်ခန့်လည်း ပျက်ဆီးခဲ့သည်။

လူအခွင့်အရေးချိုးဖောက်မှု၊မွတ်စလင်အကြမ်းဖက်မှုရလဒ်သည် ဇွန်လ ၂၀၁၂ မှ လူပေါင်း ၂၅၀,၀၀၀ထိ အိုးအိမ်မဲ့ဖြစ်ကာ၊[၆] အိမ်ပေါင်း ၁၀,၀၀၀ကျော် ဖျက်ဆီးခံရသည်။[၇] ထို့ အပြင် ဗလီကျောင်းများနှင့် ဘုန်းကြီးကျောင်း တစ်ဒါဇင်ခန့်လည်း ပျက်ဆီးခဲ့သည်။[၈]

မြန်မာနိုင်ငံသည်မတူညီသော တိုင်းရင်းသားလူမျိုးများ၊ဘာသာစကားများနှင့်ယုံကြည်ကိုးကွယ်မှုများဖြင့်ဖွဲ့စည်းထားသောနိုင်ငံဖြစ်သည်။ လူမျိုးကြီးဖြစ်သော ဗမာလူဦးရေ မှာ ၆၀နှင့် ၇၀ ရာခိုင်နှုန်းအထက်ရှိပြီး၊ အုပ်ချုပ်ရေးပိုင်းနှင့်စစ်တပ်ကိုထိန်းချုပ်နေခဲ့သည်မှာနှစ်ပေါင်းဖြ၀ကြာခဲ့ပြီ ဖြစ်သည်။[၉] မြန်မာအစိုးရ၏ကြော်ညာချက်အရ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ကိုးကွယ်မှုမှာ ၉၀ ရာခိုင်နှုန်းရှိပြီး၊ အခြားဘာသာများမှာခရစ်ယာန်၊ မွတ်စလင်၊ ဟိန္ဒူနှင့်နတ်ကိုးကွယ်မှုတို့ဖြစ်သည်။[၁၀] မြန်မာနိုင်ငံရှိမွတ်စလင်လူမျိုးများသည် သူ့လူမှုအဖွဲ့အစည်းနှင့်သူကွဲပြာသော လူမှုအဖွဲများဖြစ်ပြီး၊ ပါရှားနိုင်ငံ(ယခု အီရန်) မှ အစ်စလမ်မပေါ်မီရွှေပြောင်နေထိုင်လုပ်ကိုင်ရင်း အဆင့်ဆင့်ရောက်ရှိနေကြခြင်း ဖြစ်သည်။[၁၁] ယခုလက်ရှိမြန်မာနိုင်ငံ မွတ်စလင်လူဦးရေမှာ ၄ မှ ၁၀ ရာခိုင်နှုန်းအထိရှိသည်။[၁၂] မွတ်စလင်လူဦးရေအများဆုံးနေထိုင်သော ဒေသမှာရခိုင်ပြည်နယ်ဖြစ်ပြီး၊ ထိုဒေသတွင် ရိုဟင်ဂျာလူမျိုး ၈သိန်း ခန့်လည်းနေထိုင်သည်။[၁၃]

ယခုဖြစ်ပေါ်နေသော မွတ်စလင် ဆန့်ကျင်ရေးလှုပ်ရှားမှုမှာ ရှုပ်ထွေးလှပါသည်။ မြန်မာနိုင်ငံသမိုင်းတွင်လူနည်းစုဖြစ်သောမွတ်စလင်လူမျိုးများမှာ ငြိမ်းချမ်းမှုမရှိခဲ့ပေ။ နှစ်ပေါင်း များစွာ နိုင်ငံမဲ့အနေဖြင့်နေခဲ့ရပြီး၊အစွန်းရောက်ဗုဒ္ဓဘာသာများ၏ ဒုတိယကမ္ဘာစစ်အတွင်း မွတ်စလင်လူမျိုး မူဂျာဟစ်၏ပုန်ကန်ထကြွမှုလုပ်ရပ်များကို ပြန်လည်ပြောဆိုခြင်းဖြင့် ပြဿ နာများပိုမိုကြီးထွားအောင် လှုံ့ဆော်နေကြသည်။[၁၄] မြန်မာပြည်ရှိအရေးပါအရာရောက်သော ဘုန်းကြီးတစ်ချို့နှင့် မွတ်စလင်ဆန့်ကျင်ရေး သမားတစ်ချို့၏မုန်းတီးရေးတရားများမှာယခင်ကထက်

June 7, 2012

The Burmese government launches an investigation into the murder of the 10 Muslim pilgrims.

June 8, 2012

Rohingyas riot after Friday prayers; sectarian violence breaks out in several towns across Rakhine State. Muslims report security forces and mobs of Rakhine subjecting them to arbitrary arrests, physical attacks, rape, and killings.

Ethnic Rakhine demonstrators protest at the Shwedagon pagoda in Rangoon after unrest flared in western Burma and seven people were killed in June 2012.
Photo: Ye Aung Thu/AFP/GettyImages.

ပိုပြီးအင်တာနက်နှင့် လူမှုဘက်ဝဆိုဒ် များမှ တစ်ဆင့်လျင်မြန်စွာနေရာကျယ်ကျယ်ပြန့်ပြန့်သို့ ထိုး ဖောက်လျှက်ရှိသည်။ နိုင်ငံတကာသတင်းဌာနများ အနေနှင့် ဗုဒ္ဓဘာသာပြန့်ပွားရေး ဆိုင်ရာလှုပ်ရှားမှု အဖွဲ့ ၉၆၉နှင့် ဦးဝိရသူတို့ အား မွတ်စလင်ဆန့်ကျင်ရေးဝါဒဖြန့်လုပ်ရပ်များ လုပ်ဆောင်သည်ဟု စွပ်စွဲသည်။[၁၅] ၉၆၉ လှုပ်ရှားမှု၏ အဓိကလုပ်ရပ်မှာ မွတ်စလင်စီးပွားရေးလုပ်ငန်းများကို သပိတ်မှောက်ရန်နှင့် ဗုဒ္ဓဘာသာဝင်များ၏ စည်းလုံးညီညွတ် မှုကို ပြန်အတွက် ၉၆၉ တံဆိပ်များကို ဗုဒ္ဓဘာသာဝင်များ၏ အိမ်၊ အလုပ်၊ အထမ်းယာဉ်များတွင် ကပ်ထားသည်။ ဘုန်းကြီး ဝိရသူနှင့်အခြားဘုန်းကြီးများသည်လည်း ၉၆၉နှင့် ဆိုင်သော မွတ်စလင်ဆန့်ကျင်ရေး တရားများကို ၂၀၁၃ ခုနှစ် အစပိုင်း မွတ်စလင်ဆန့်ကျင်ရေး မဖြစ်ပွားခင်အတွင်းမွန္တလေးတိုင်း[၁၆]ကျို့ပင်ကျောက်ကျေးရွာ၊[၁၇] ပဲခူးတိုင်း မင်းလှကျေးရွာ၊[၁၈] အုတ်ကန်၊[၁၉] တောင်ကြီး၊[၂၀] နှင့် လားရှိုးတစ် ဝိုက်[၂၁]ဟောပြောခဲ့သည်။ မတ်လ ၂၀၁၃၊ မိထီလာတွင် ဖြစ်ပွားခဲ့သော မီးရှို့မှု၊ လူသတ်မှုများကိုဒီဗွိဒီရိုက်ပြီးနောက် ဗုဒ္ဓဘာသာဝင်များမှရဲရဲတင်းတင်းနှင့်အားရစွာ ရောင်းချနေခဲ့သည်ဟု ထိုဒီဗွိဒီ ဝယ်ယူခဲ့သူပြောပြချက်အရေ သိရှိရသည်။[၂၃]

မြန်မာနိုင်ငံသမိုင်းတွင် လည်းဗုဒ္ဓဘာသာထွန်းကားရေးနှင့် အခြားလူနည်းစုများကိုကန့်သတ်ပိတ်ပင်မှုများ၊ အကြမ်းဖက်မှုကျူးလွန်သူများကို အားပေးအားမြှောက်ပြုခြင်းနှင့် ပြစ်ဒဏ်မှလွတ်ကင်းစေခြင်းများကြောင့် ယခုကဲ့သို့ မွတ်စလင်ဆန့်ကျင်ရေးကြီး ဖြစ်ပေါ်လာခြင်းဖြစ်သည်။[၂၄] ထိုလုပ်ရပ်တွင်အာဏာပိုင်တစ်ချို့ နှင့်အကြီးအကဲတစ်ချို့ ပါဝင်နေမှုကို ရှာဖွေဖော်ထုတ်ရန်မှာမူ ခက်ခဲနေသည်။ အစိုးရအရာရှိများနှင့်အကြမ်းဖက်အဖွဲ့အစည်းများကြားရှိပတ်သက်ဆက်နွယ်မှုများနှင့်အစိုးရမှ အကြမ်းဖက်ခံနေရမှုများအား တားဆီးနှိုင်မှုမရှိသည်နှင့် အကြမ်းဖက်ခံနေရသောပြည်သူများအပေါ်ထောက်ပံ့မှုများစသည်တို့ အပေါ်ထပ်လောင်းစုံစမ်းခြင်းဖြင့်ဖော်ထုတ်ရန်လိုအပ်သည်။

မြန်မာနိုင်ငံ၏ ယခုတည်ဆဲဥပဒေသည်တိုင်းရင်းသားများနှင့် ဘာသာရေးလူနည်းစုများ၊ အထူးသဖြင့်မွတ်စလင်လူမျိုးများအပေါ်အနည်းငယ်မျှသာကာကွယ်ပေးနိုင်မှုရှိသည်။ ၁၉၆၀ခုနှစ်များအတွင်းထုတ်ပြန်ခဲ့သော ရာဇဝတ်မှု ဆိုင်ရာဥပဒေသည်လည်း နိုင်ငံသား များ၏ အခွင့်အရေးကိုကာကွယ်ပေးရန်ထက်အစိုးရလုံခြုံရေးကိုသာ အဓိကကာကွယ်ပေးထား သည်။ မြန်မာနိုင်ငံ၏ ဥပဒေ ဆိုင်ရာစနစ်သည် တာဝန်ခံမှုနှင့် တရားမျှတရေး ဆိုင်ရာမြင့်တင်မှု မျာပြုလုပ်ခြင်းထက် စစ်တပ်အားကာပိုမိုတည်မြဲရေးအတွက်သာလုပ်ဆောင်နေပြီး အာဏာရှိ သောသူမှဖမ်းချင်သူကို အချိန်မရွေးဖမ်းနိုင်ရန်ပြုလုပ်ထားသောစနစ်ဖြစ်သည်။[၂၅]၁၉၈၂ခုနှစ်တွင်ထုတ်ပြန်သောဥပဒေတွင် မြန်မာ နိုင်ငံအ တွင်းနိုင်ငံသားဖြစ်ရန် လိုအပ်သောအချက်အ လက်များထည့်သွင်းထားသလို၊ အစိုးရဟောင်းမှလည်းမြန်မာနိုင်ငံရှိလူမျိုးပေါင်း ၁၃၅မျိုးတွင် ရိုဟင်ဂျာလူမျိုးများအားထည့်သွင်းခြင်းမပြုပဲ နိုင်ငံမဲ့လူမျိုးများအနေဖြင့်ထား ရှိခဲ့သည်။ထိုကဲ့သို့ ပြုလုပ်ခြင်းကြောင့်ရိုဟင်ဂျာလူမျိုးများမှအခဲအခက်များစွာကြုံတွေ့ရပြီးအထူးသဖြင့် ပညာရေးနယ်ပယ်[၂၆] နှင့်လက်ထပ်သည့်အချိန်တွင်အကန့်အသတ်ရှိပြီး လက်ထပ်မှုအပေါ် အကန့် အသတ်ထားရှိခြင်းသည်ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်နေထိုင်သော ရိုဟင်ဂျာ လူမျိုးများအပေါ်တွင်သာဖြစ်သည်။[၂၇]ရခိုင်ပြည်နယ်မြောက်ပိုင်း ရှိရိုဟင်ဂျာလူမျိုးများအနေနှင့်မြန်မာနိုင်ငံအစိုးရ၏အတင်းအဓမ္မလုပ်အားပေးစေခိုင်းခြင်း၊[၂၈] အတင်းအကြပ်တောင်းယူခြင်း၊[၂၉] သွားလာခွင့်များကန့်သတ်ခြင်း[၃၀]နှင့်ပစ်မှတ်ထားပြီးအခွန်ကောက်ခံခြင်း[၃၁] များကိုအထူးသဖြင့်ခံရ သည်။[၃၂]

နိုင်ငံသားကဒ်ပြားရရှိရန်ကြိုးပမ်းချိန်တွင်လည်း လာဘ်ထိုးရသလို၊ သူတို့ အားမြန်မာနိုင်ငံသားမဟုတ်ပဲအခြားပါကစ်စတန်နှင့်အန္ဒိယနိုင်ငံမှလာရောက်နေထိုင်သူများအဖြစ်သတ်မှတ်ခြင်းခံရသည်။[၃၃] မွတ်စလင်အများဝိုင်းသည်သူတို့အားခွဲခြားဖိနှိပ်ဆက်ဆံသောရဲနှင့်စစ်တပ်များနှင့်အလုပ်လုပ်ရန်ဝန်လေးကြသည်။[၃၄]နှစ်အတန်ကြာလူနည်းစု များအပေါ်ခွဲခြားမှုကိုအစိုးရမှဦးဆောင်ကာပုံစံနှစ် မျိုးဖြင့်ပြုလုပ်နေသည်။

June 10, 2012

President Thein Sein declares a state of emergency.

Police patrol in a truck on the streets of Sittwe, capital of Rakhine State, in June 2012. Photo: STR/AFP/ GettyImages

ပထမအနေနှင့်လူနည်းစုများအပေါ် ဆန့်ကျင်အကြမ်းဖက်မှုများကိုလက်ခံသောပတ်ဝန်းကျင်ထူထောင်ခြင်းနှင့်အကျိုးသက်ရောက်သောတာဝန်ခံမှုလုပ်ထုံးလုပ်နည်းများမရှိပဲ အကြမ်းဖက်မှုကျူးလွန်သူများအ ကျိုးဆက်မရှိပဲ ကျူးလွန် နိုင်ရန်အတွက်ပြုလုပ်ထားသည်။ ထိုသို့ သောကြောင့်မွတ်စလင်များကို တိုက်ခိုက်နေသော သူများအပေါ်အနည်းငယ်သောဘေးဖြစ်စေသည်။

မြန်မာနိုင်ငံရှိဗုဒ္ဓဘာသာဝင်အားလုံးသည် မွတ်စလင်ဆန့်ကျင်နေသူများမဟုတ်ကြပါ။ တစ်ချို့ဗုဒ္ဓဘာသာဝင်များသည်သူတို့ အိမ်နီးချင်းများဖြစ်သောမွတ်စလင်များအားအကာအကွယ်များပေးကြသလို၊တစ်ချို့လူမှုအဖွဲ့အစည်းများမှလည်းမွတ်စလင်အကြမ်းဖက်နေမှုကိုကန့်ကွက်ကြောင်းထုတ် ဖော်ပြောဆိုမှုရှိခဲ့သည်။[၃၅]ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းရှိဘုန်းကြီးကျောင်း တစ်ချို့သည်လည်း မွတ်စလင်လူမျိုးများ အကြမ်းဖက်မှုဖြစ်ပွားရာမှထွက်ပြေးရောက်ရှိလာသူများကိုနေရာချထားပေးခဲ့ကြသည်။[၃၆] မြန်မာနိုင်ငံလုံးဆိုင်ရာရဟန်း အဖွဲ့အစည်းနှင့် အခြား ဘုန်းကြီးများမှလည်း ထိုကဲ့သို့ သောအကြမ်းဖက် လုပ်ရပ်များကိုဆန့်ကျင်သည့် ရေးသားချက်များကိုထုတ်ဝေခဲ့သည်။[၃၇] ထို့အပြင်တစ်ဒါဇင်မျှသော လူမှုအဖွဲ့အစည်းများ (မြန်မာနိုင်ငံတွင်ရှိအေအိုင်ဒီအက်စ်ဝေဒနာသည်များ အားကူညီသော လူငယ်အဖွဲ့ - IYCA-Myanmar ၊ မဇိမ လူငယ်ကွန်ယက်၊ မြန်မာနိုင်ငံလုံးဆိုင်ရာငြိမ်းချမ်းရေး ဖော်ဆောင်သည့်အဖွဲ့၊ မြန်မာပြည်လူငယ်အရင်းအမြစ်အဖွဲ့ - MYRS) မှလည်း ဘာသာရေးဆိုင်ရာဆွေးနွေးဖလှယ်ပွဲများ နှင့် အကြမ်းမဖက်ရေးဆွေးနွေးပွဲများကို ဦးဆောင်ကာ လုပ်ဆောင်ခဲ့ကြသည်။[၃၈]

၂၀၀၄ခုနှစ်မှ ၂၀၁၃ခုနှစ်အတွင် PHR မှ မြန်မာနိုင်ငံတွင်းရှိတိုင်းရင်းသားလူနည်း စုများအပေါ် အစိုး ရ၏စနစ်တကျတိုက်ခိုက်မှုကို မြန်မာနိုင်ငံအတွင်းနှင့်နယ်စပ်နိုင်ငံများတွင်စုံစမ်း မေးမြန်းမှုများကိုရှစ်ကြိမ်တိုင်တိုင်ပြုလုပ်ခဲ့ သည်။[၃၉] ပြီးခဲ့သည့်နှစ်ပိုင်းအတွင်းဖြစ်ပွားခဲ့သော မွတ်စလင်လူမျိုးများအာတိုက်ခိုက်မှုသည်အားနွဲ့သောလူအုပ်စုများအပေါ်ပစ်မှတ်ထားတိုက်ခိုက်မှုသာဖြစ်သည်။ မြန်မာအစိုးရအနေနှင့်မိမိနိုင်ငံသားများအပေါ်အကာအကွယ်ပေးရန်တာဝန်ရှိသလို၊ ထိုသို့လုပ်ဆောင်မှုမရှိခြင်းအားဖြင့် ပြစ်မှုကျူးလွန်သူများအားလွတ်ငြိမ်းချမ်းသာခွင့်ပေးမှုကိုဖန်တီးနေခဲ့သည်။အကြမ်းဖက်မှုအပေါ်ကျယ်ပြန့်စွာထောက်ခံနေမှုနှင့် လွတ်ငြိမ်းချမ်းသာခွင့်ရှိနေမှုကြောင့် မြန်မာနိုင်ငံတစ်ရပ်လုံးသို့ ရှိဟင်ဂျာဆန့်ကျင်ရေးမှတစ်ဆင့် မွတ်စလင်ဆန့်ကျင်ရေးသို့ ဦးတည်ပြန့်နှံ့ခဲ့သည်။

မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုအပေါ် သတင်အချက်အလက်များထည်းထည်းဝင်ဝင်ကောက်ခံနိုင်ရန်နှင့်စုံစမ်းမေးမြန်းမှုများပြုလုပ်နိုင်ရန်အတွက် PHR မှ သုတေသနပြုလုပ်သူနှစ်ဦးအားရှိုင်ပြည်နယ်သို့ မတ်လ၊၂၀၁၃ ခုနှစ် တွင်စေလွှတ်ခဲ့သည်။ ထိုသူနှစ်ဦးရခိုင်ပြည်နယ်သို့ရောက်ရှိနေချိန်တွင်မွန္တလေးတိုင်း၊မိထီလာမြို့တွင်မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုဖြစ်ပွားခဲ့သည်။ ထို့ကြောင့် PHR မှ သုတေသနပြုလုပ်သူနှစ်ဦးမှပဏာမစုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် မွန္တလေးတိုင်းသို့အလျှင်အမြန်သွားရောက်ခဲ့ပြီး၊ မိထီလာမင်္ဂလာဈေးအတွင်းရှိမွတ်စလင်စာသင် ကျောင်းအတွင်းမွတ်စလင်များအသက်ခံရမှုနှင့်ပါတ်သက်ပြီးမှုခင်းဆေးပညာဆိုင်ရာပြုလုပ်ချက်အတွက်ဒုတိယအကြိမ်စေလွှတ်ခဲ့သည်။

PHR အနေဖြင့်မေလ ၂၀၁၃တွင်ဖြစ်ပွားခဲ့သောမွတ်စလင်အများအပြားအသတ်ခံရမှုနှင့်ပတ်သက်ပြီးသတင်းအချက်အလက်အစုံအလင်ဖြင့်အရေးပေါ်အစီရင်ခံစာထုတ်ပြန်သော်လည်းထိုထုတ်ပြန်သည့်စာတွင်စနစ်တကျနှင်ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားမှုအပေါ်ဖေါ်ပြထားမှုမရှိပေ။ အစီရင်ခံစာတွင်စုံစမ်းမေးမြန်းမှုနှစ်ရပ်မှအချက်အလက်များကိုအသုံးပြုပြီးနယ်စပ်တစ်ရှောက်တွင်ဖြစ်ပွားသောအကြမ်းဖက်တိုက်ခိုက်မှုသည် တစ်နိုင်ငံလုံး သို့ပြန့်နှံ့သွားခဲ့သည်ကိုဖေါ်ပြထားသည်။

မြန်မာနိုင်ငံ၏အပြောင်းအလဲမရှိသောအစိုးရ၏လုပ်ရပ်များနှင့်မပြောင်းလဲသောနိုပစက်မှုနည်းလမ်းများအပြင်စစ်တပ်နှင့်ရဲများမှအထက်အရာရှိများ၏အမိန့်အပေါ်လိုက်နာနေမှုသည် အစိုးရမှအခွင့်အရေးချိုးဖေါက်သည့်အခန်းကဏ္ဍအသွင်မှတွေ့မြင်စေသည်။ အစိုးရအနေနှင့် တိုက်ရိုက်အမိန့်ပေးခြင်းမျိုးနှင့် ငွေးကြေးနှင့်ပစ္စည်းများထောက်ပံ့မှုများနှင့်ပတ်သက်၍ ယတိပြတ်မှတ်ယူရန်ခက်ခဲပြီလွတ်လပ်သောစုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်လိုအပ်သည်။ အထက်အရာရှိများမှတိုက်ရိုက်အမိန့်ပေးခြင်းမျိုးမရှိသည့်တိုင်မွတ်စလင်များနှင့်အခြားလူနည်းစုများအပေါ်အကြမ်းဖက်မှုကိုတစ်နည်းတစ်ဖုံဖြင့်အခွင့်ပေးနေမှုများ၊ထိုအရင်းအမြစ်များအပေါ်မြန်မာအစိုးရမှဖြေရှင်းရန်လိုအပ်သည်။

June 18, 2012

The Rohingya men arrested for the rape and murder of a Rakhine seamstress in May are sentenced to death.

Rohingya Muslim children from Burma cry while kept under watch by Bangladeshi security officials after disembarking from an intercepted boat in Teknaf, June 2012. Photo: MUNIR UZ ZAMAN/AFP/ GettyImages.

ဇွန်လ ၂၀၁၂ ခုနှစ် မှ မြန်မာနိုင်ငံတွင်း မွတ်စလင် ဆန့်ကျင်ရေးကြမ်းဖက်မှုဖြစ်ပွားရာနေရာများ

June 25, 2012

Security forces begin resettling displaced Rohingyas in Rakhine State's capital of Sittwe.

July 2, 2012

Thirty people are arrested in connection with the murder of the 10 Muslims on June 3.

July 5, 2012

Ten aid workers are detained by the Burmese government in Rakhine State, some of whom are charged with criminal offenses.

ဤအစီရင်ခံစာမှအချက်အလက်များသည် PHR မှမတ်လ ၂၂ရက်မှမတ်လ ၂၉၊ ၂၀၁၃ခုနှစ်အတွင်း ကွင်းဆင်းသုသေသနပြုလုပ်ခဲ့မှုပေါ်တွင်အခြေခံ၍ရေးသားထားသည်။ PHR ကွင်းဆင်းသုသေသနအဖွဲ့တွင် PHRမှ အရေးပေါ်အခြေအနေကိုင်တွယ်ရေး ဒါရိုက်တာ Richard Sollom, MA, MPH, နှင့် Holly Atkinson, MD, FACP တို့ ပါဝင်သည်။ PHR အဖွဲ့မှ လူဦးရေ စုစုပေါင်း ၇၁ ယောက်ကိုမေးမြန်းခဲ့ပြီးထိုမေးမြန်းခံရသူများတွင် အကြမ်းဖက်ခံရသူများနှင့်မျက်မြင်သက်သေများ၊ အပြင် မွတ်စလင်၊ ဗုဒ္ဓ နှင့် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များလည်း ပါဝင်ခဲ့သည်။

စစ်တွေမြို့ရှိအိုးအိမ်မဲ့ပြည်သူများနေထိုင်သောစခန်းတွင်၊ PHR အနေဖြင့် (chain- referral sampling) စနစ်ကိုအသုံးပြုပြီး ဒုက္ခသည်များအားစစ်တွေမြို့၏ မည်သည့်ဒေသ၊မည်သည့်ရွာမှရောက်ရှိလာသည် စသည်ဖြင့်စိစစ်ခဲ့သည်။ Chain-referral sampling သည်နည်းစနစ်တစ်ခုဖြစ်ပြီးထိုနည်းလမ်းကိုအသုံးပြုကာပြောင်းရွှေ့ခံရသောလူစုအားအဖွဲများခွဲကာသတ်မှတ်နိုင်သည်။ PHR အနေဖြင့် အသေးစိတ်မေးမြန်မှုများအား ကျေးရွာ ၆ ခု မှ လူပေါင်း ၃၂ယောက်နှင့် စစ်တွေမြို့အနီးရှိရပ်ကွက် ၁၂ ခု ဖြစ်ပြီး စုစုပေါင်းအကြမ်းဖက်မှုဖြစ်ပွားခဲ့သောဒေသ ၁၈ ခုတွင် ပြုလုပ်ခဲ့သည်။

PHR သုတေသနအဖွဲ့သည် မြန်မာပြည်အလယ်ပိုင်းရှိ လူ့အခွင့်အရေး ချိုးဖောက်ခံရသောသူများနှင့် မျက်မြင်သက်သေများကို မေးမြန်းရာတွင် လည်းတူညီသောနည်းလမ်းများဖြင့်အသုံးပြုခဲ့သည်။ PHR အနေဖြင့် ရန်ကုန်၊နေပြည်တော်၊ မန္တလေးနှင့် မိထီလာမြို့အတွင်းနေထိုင်သူများနှင့် အနီးတစ်ပိုက်ကျေးရွာမှလူပေါင်း ၃၉ ဦးအား မေးမြန်းခဲ့သည်။

PHR မှသုတေသနအဖွဲ့သည်သွားလာမှုခက်ခဲကာ၊ လုံခြုံရေးအရကန့်သတ်ထားသောနေရာဒေသအသီးသီးသို့ အရောက်သွားကာအခင်းဖြစ်ပွားရိုန်တွင်တွေ့မြင်ခဲ့သောမျက်မြင်သေများကိုရနိုင်ရမျှရှာဖွေကာမေးမြန်းခဲ့သည်။ ထိုသို့ မေးမြန်းခဲ့မှုကြောင့် PHRသုတေသနအဖွဲ့အနေဖြင့်လူ့အခွင့်အရေးချိုးဖောက်ခံရသည့်အခြေအနေများနှင့်နေရာဒေသအသီးသီးရှိ စစ်သားများ၊ ရဲများနှင့် ဘုန်းကြီးများ၏ပြုမူနေသောအပြုအမူပုံစံများကို သေချာစွာခွဲခြားသက်မှတ်နိုင်ခဲ့သည်။

PHR အနေဖြင့်အခုကဲ့သို့ သောပုံစံသက်မှတ်လုပ်ဆောင်မှုများကို မြန်မာပြည်အတွင်း မလုပ်ဆောင်မီ အချိန်ကတည်းကပြင် အခြားနိုင်ငံများ ဥပမာ-အာဖဂန်နစ်စတန်၊ ဒါဖေါ၊ ကိုဆိုဗို၊ နှင့် စီရီးယားနိုင်ငံများတွင် အစိုးရနှင့် စစ်တပ်မှကျူးလွန်သောလူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် စုံးစမ်းမှုများလုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။[၄၁]

July 1, 2012

The Myanmar National Human Rights Commission reports no abuses by security Forces during violence in June, states all aid needs are being met, and does not acknowledge the plight or existence of Rohingyas.

July 12, 2012

President Thein Sein announces that the "only solution" to the inter-ethnic violence is to send all 800,000 Rohingyas to other countries or put them in camps run by the United Nations High Commissioner for Refugees (UNHCR). The UNHCR rejects the proposal.

August 4, 2012

UN Special Rapporteur for Human Rights in Burma Tomás Ojea Quintana calls for an investigation into the June violence in Rakhine State over allegations of human rights abuses.

လေ့လာဆန်းစစ်မှုများကိုလုပ်ခဲ့သည့်ကာလအ
တွေ့အကြုံအရမျက်မြင်သက်သေများသည်
အစိုးရသို့ မဟုတ်ပတ်ဝန်းကျင်မှလူများ၏ရန်လိုမှု
ကိုခံရနိုင်သောကြောင့်မေးမြန်းချိန်တွင်အလွန်တ
ရာသတိထားကာ လုပ်ဆောင်ခဲ့ကြသည်။ PHR မှ
မေးမြန်းသူများအနေဖြင့်မျက်မြင်သက်သေများ၏
အမည်နာမကိုမှတ်တမ်းမတင်သလို၊ အသံဖမ်း
ခြင်းနှင့်အခြားရုပ်သံဖိုင်များသိမ်းဆည်းခြင်းကို
လည်းရှောင်ရှားခဲ့သည်။မေးမြန်းသည့်နေရာကို
လည်းလုံခြုံစိတ်ချရသောနေရာတွင်မျက်မြင်
သက်သေနှင့်စကားပြန်ပေးသူတစ်ယောက်နှင့်
သာမေးမြန်းမှုရှိခဲ့သည်။

မေးမြန်းမှုများမလုပ်ခင်တွင် PHR အကြောင်းကို
နားလည်သဘောပေါက်အောင်ရှင်းပြပြီး၊
အဘယ့်ကြောင့် ယခုလို မေးမြန်းမှုလုပ်ရသည်နှင့်
ဖြေကြားသူအနေဖြင့် ကြုံတွေ့ရမည့်အခက်
အခဲများကို သေသေချာချာပြောဆိုခဲ့သည်။
မေးမြန်းချိန်တွင်လည်း စာအုပ်တွင် ရေးမှတ်ခြင်း
ထက် နှုတ်ဖြင့်ပြောဆိုပြီး မှတ်သားထားခြင်းဖြင့်
အမေးခံရသူ၏ လုံခြုံရေးကို ကာကွယ်ခဲ့သည်။
ကလေးငယ်များကိုမေးမြန်းချိန်တွင် သူတို့ ၏
မိဘများ၊ အုပ်ထိန်းသူများမှကလေး၏လုံခြုံမှုအ
တွက်နှင့်အခွင့်အရေးများကိုသေချာနာလည်စေ
ပြီး၊ မေးမြန်းမှုပြုလုပ်နေစဉ်အတွင်းကလေး၏
လုံခြုံမှုရှိခြင်းကိုအာမခံပေးခဲ့သည်။အမေးခံရသူ
အနေဖြင့်မေးခွန်းဖြေဆိုနေချိန်အတွင်းရပ်တန့်
နိုင်သလို၊ မိမိမဖြေချင်သောမေးခွန်းအတွက်
လည်းငြင်းပယ်ပိုင်ခွင့် ရှိသည်။

အသက်၁၂နှစ်အောက်ကလေးငယ်များကိုမေး
မြန်းချိန်တွင် အဓိကအားဖြင့်မေးမြန်းသူမှ
ကလေးငယ်ပြောသောအရာများကို မေးခွန်း
ထုတ်ခြင်းမပြုလုပ်ပဲနားထောင်ခဲ့ပြီး အချိန်ကို
လည်းအတတ်နိုင်ဆုံးတိုအောင်လုပ်ဆောင်ထား
ခဲ့သည်။ ထို့အပြင် သူတို့ ဘေးတွင်မိဘ သို့ မ
ဟုတ်အုပ်ထိန်းသူတစ်ဦးဦးကိုလည်းထားရှိခဲ့
သည်။ ကလေးငယ်မှဆက်လက်ဖြေဆိုရန် ဆန္ဒ
မရှိပါကမေးမြန်းမှုကိုချက်ချင်း ရပ်တန့်ခဲ့သည်။
မျက်မြင်သက်သေ ၉ ဦးနှင့်အင်တာဗျူးချိန်တွင်
သုံးဦးမှာတွေ့မြင်ရသောအဖြစ်အပျက်များ
ကြောင့်စိတ်ထိခိုက်ကာ ထပ်မဖြေနိုင်တော့သ
ဖြင့်မေးမြန်းမှုကို ရပ်နားလိုက်ရခြင်းမျိုးလည်း
ရှိခဲ့သည်။

လုံခြုံရေးစိုးရိမ်ရမှုများကြောင့် PHR အနေဖြင့်
ရရှိင်ပြည်နယ်၊ စစ်တွေမြို့ရှိ အိုးအိမ်မဲ့ ပြည်သူ
များနေထိုင်ရာဒုက္ခသည်စခန်းအတွင်းသို့ဝင်ရောက်
ခွင့်မရခဲ့သလို၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိဘူးသီး
တောင်နှင့် မောင်းတောရှိမွတ်စလင်များအား တွေ့
ဆုံမေးမြန်းခွင့်များမရခဲ့ရပေ။ ထို့အပြင်သွားလာ
ခွင့်နှင့် လုံခြုံရေး အကြောင်းပြချက်များကြောင့်
PHR ဝန်ထမ်းများမှအကြမ်းဖက်မှုများဖြစ်ပေါ်နေ
သောနေရာစုံသို့ သွားခွင့်မရခဲ့သလို၊ အကြမ်းဖက်မှု
များကိုမြင်တွေ့ခဲ့သောမျက်မြင်သက်သေများနှင့်
လည်းစကားပြောဆိုခွင့်မရခဲ့ပေ။ PHR မှ အကြမ်
ဖက်ခံရသူများကိုအစဉ်တကျမရှိသောစာရင်းကိုအ
သုံးပြု၍သက်မှတ်မှုများမရှိသည့်အကြောင်းရင်မှာ
သတင်းအချက်အလက်များမှာကြီးမားသောလူဦး
ရေအပေါ်တွက်ချက်ခန့်မှန်းနိုင်မှုမရှိခြင်း နှင့်
ကိုယ်စားပြုမှုမရှိသောကြောင့်ဖြစ်သည်။

PHR ၏ လူ့ကျင့်ဝတ်ဆိုရာစောင့်ကြည့်ရေးဘုတ်
အဖွဲ့(ERB)မှ ဤမှတ်တမ်းကောက်ယူမှုများကို
အတည်ပြုထောက်ခံခဲ့သည်။ PHR တွင် ERB
ဘုတ်အဖွဲ့ရှိနေမှုမှာ ၁၉၉၆ ခုနှစ်ကတည်းကဖြစ်ပြီး
သုတေသနပြုလုပ်ခြင်းနှင့်စုံစမ်းမေးမြန်းမှုပြုလုပ်မှု
များတွင် လူသားလုံခြုံရေးနှင့်ပတ်သက်၍ အကာ
အကွယ်ရှိမှု သေချာစေရန်ဖြစ်သည်။ ERB ၏
လုပ်ဆောင်မှုလုပ်ငန်းစဉ်များမှာပညာရေးဓလေ့ထုံး
စံဆိုင်ရာစောင့်ကြည့်ရေးဘုတ်အဖွဲ့မှချမှတ်ထား
သော လမ်းစဉ် 45 CRF Part 46(ကြည့်ရန်:
http://ohsr.od.njh.gov/guidelines/45c-
fr46.html) အတိုင်းလုပ်ဆောင်သည်။ PHR ၏
သုတေသနလုပ်ငန်းနှင့် စုံစမ်းမေးမြန်းခြင်း ပြုလုပ်မှု
တွင်ပါဝင်သောလူသားနှင့်ဆိုင်သောအ ကြောင်း
ကိစ္စများအားလုံးကို ERBမှ ထောက်ခံမှုရှိရ မည်
ဖြစ်ပြီး ၂၀၀၀ခုနှစ် တွင် ထုတ်ပြန်ခဲ့သော Helsinki
ကြေငြာချက်အရဆောင်ရွက်ရမည်ဖြစ်သည်။

August 17, 2012

President Thein Sein announces the creation of a 27-member commission to investigate the causes of the sectarian violence that occurred in June.

October 15, 2012

Thousands of Buddhist monks march in protest over of the establishment of an office for the Organisation of Islamic Cooperation (OIC) in Rakhine State.

President Thein Sein's office announces that it will not permit the OIC to have a presence in Burma.

Buddhist monks take part in a demonstration against the Organisation of the Islamic Conference in Rangoon on October 15, 2012.
Photo: Ye Aung Thu/AFP/GettyImages

အောက်တွင်ဖော်ပြထားသည့်အချက်များကို ကြည့်ခြင်းအားဖြင့် မွတ်စလင်များအပေါ် အကြမ်းဖက်မှုပုံစံသည် "လှုံ့ဆော်မှုဖြစ်ရပ်" အဓိကပင်မတစ်ခုတည်းမှလာကြောင်းသိသာသည်။ မြန်မာနိုင်ငံနေရာဒေသအသီးသီးသို့ မွတ်စလင်ဆန့်ကျင်ရေးလှုပ်ရှားမှုများမှာအလျှင်အမြန်ပြန့်ပွားနေပြီး အကြမ်းဖက်မှုများမှာလည်း ပိုမိုပြင်းထန်လာခဲ့သည် ။ဖြစ်ရပ်များအပေါ်ခြုံငုံသုံးသပ်ပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိသာထင်ရှားသောအကြမ်းဖက်မှုပုံစံများအဖြစ်ပေါ်လွင်သည်။ ယေဘုယျအားဖြင့်စတင်ဖြစ်ပွားသောအကြမ်းဖက်မှုလုပ်ရပ်သည်အနာဂါတ်အကြမ်းဖက်မှု၊လိင်ပိုင်းဆိုင်ရာစော်ကားမှုများနှင့် ဘာသာရေးဆိုင်ရာအကြမ်းဖက်မှုများအတွင်ဦးတည်စေပြီး၊လူမျိုးရေးစိတ်နှင့်ဘာသာရေးတို့ ကိုပိုမိုနိုးကြာစေသည်။ စတင်လုပ်ဆောင်စဉ်ကအကြမ်းဖက်ရန်ရည်ရွယ်သည်ဖြစ်စေ၊မရည်ရွယ်သည်ဖြစ်စေလက်တုန်ပြန်တိုက်ခိုက်မှုဖြစ်ရပ်များသည်ကျူးလွန်သူတစ်ဦးတစ်ယောက်တည်းကိုသာပျက်စီးစေခြင်းမဟုတ်ပဲ၊လူ့အသိုင်းအဝိုင်းတစ်ခုလုံးအားပစ်မှတ်ထားတိုက်ခိုက်နေသည်။

ထိုပြစ်မှုတွင်ကျူးလွန်ခဲ့သူများကို နိုင်ငံတကာမှ ရဲတာဝန်စံများဖြင့်ပစ်ဒဏ်ချမှတ်ခြင်း၊သို့ မဟုတ် ဥပဒေအရအပြစ်ပေးမှုများလုပ်ဆောင်ခြင်းစသည်ဖြင့်ပြုလုပ်သည်တို့ကို PHR မှ မတိုင်းတာနိုင်ခဲ့ပါ။ ပြစ်ဒဏ်ချမှတ်ခြင်းများကိုနိုင်ငံတကာစံများဖြင့်အတည်ပြုနိုင်ခြင်းစသည့်တရားမျှတမှုတစ်ခုတည်းဖြစ်သာတိုင်တာနိုင်ပြီး၊မြန်မာအစိုးရသည်ပြည်သူများကိုအကြောင်းပြချက်မရှိဖမ်းဆီးထောင်ချရာတွင်နာမည်ကျော်သည်။ လက်ရှိအစိုးရအနေဖြင့် ယခုဖြစ်ပေါ်နေသော အကြမ်းဖက်မှုများကို ရပ်တန့်ရန် ကြိုးပမ်းနေသည့်အလာရှိသော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် ၎င်းလုပ်ရပ်များကိုသာရှေ့တန်းတင်ပြီးမတိုင်တာသင့်ပေ။

ရခိုင်ပြည်နယ် ဇွန်လ ၈-၁၀၊ ၂၀၁၂

ဇွန်လ ၂၀၁၂ခုနှစ်၊ ရခိုင်ပြည်နယ်တွင် အမျိုးသားတစ်အုပ်စုမှ၂၇နှစ်အရွယ်ရခိုင်အမျိုးသမီးတစ်ဦးအားမုဒိန်းကျင့်ပြီး သတ်ဖြတ်ခဲ့မှုမှ အကြမ်းဖက်မှုစတင်ခဲ့ခြင်းဖြစ်သည်။[၄၂] ထိုအခင်းဖြစ်ပွားပြီးနောက်တစ်ရက်တွင်မွတ်စလင်အမျိုးသား ၃ ဦးအားဖမ်းဆီးခဲ့သည်။[၄၃] ဇွန်လ ၃ရက်နေ့တွင် ၃၀၀ နီးပါးရှိသောဗုဒ္ဓဘာသာဝင်များသည် မွတ်စလင် ၁၀ဦးအားဘတ်စ်ကားပေါ်မှဆွဲချကာတရားဥပဒေအရမဟုတ်ပြစ်ဒဏ်ပေး တိုက်ခိုက်ခဲ့ကြသည်။[၄၄] သူတို့ ၏အကြောင်းပြချက်မှာဗုဒ္ဓဘာသာမိန်းကလေးတစ်ဦးအားမုဒိန်းကျင့်သတ်ဖြတ်လိုက်ခြင်းကြောင့် တန်ပြန် တုံ့ပြန်ခြင်းဖြစ်သည်ဟု သိရသည်။[၄၅] ဇွန်လ၈ရက်နေ့တွင်ရိုဟင်ဂျာလူမျိုးများသည်သောကြာနေ့ဗလီအပြီးတွင်အဓိကရုဏ်းကြီးကို စတင်ခဲ့ပြီး၊ ထိုအဓိကရုဏ်းကြီးကြောင့် အိမ်ခြေတော်တော်များများပျက်ဆီးကာ လူခုနှစ်ဦးသေဆုံးခဲ့ပြီးလေးဦးမှာရခိုင်လူမျိုးများဖြစ်သည်။[၄၆] ထိုအဖြစ်အပျက် ဖြစ်ပွားပြီး နောက် ၄ရက်အကြာတွင်ထိုအဖြစ်အပျက်သည်ရခိုင်ပြည်နယ်ရှိအခြားမြို့ရွာများသို့ လျှင်မြန်စွာပြန့်နှံ့သွားခဲ့သည်။

ရိုဟင်ဂျာလူမျိုးများနှင့်အခြားမွတ်စလင်များမှပြောပြချက်အရလုံခြုံရေးအဖွဲ့များနှင့်ရခိုင်သောင်းကျန်းသူလူအုပ်များမှသူတို့ အပေါ်လူမျိုးရေးအရ ခွဲခြားဖိနှိပ်ခြင်း၊ မတရားဖမ်းဆီးမှုများပြုလုပ်ခြင်း၊ ရုပ် ပိုင်းဆိုင်ရာညှင်းပန်းနှိပ်စက်ခြင်း၊ မုဒိန်းကျင့် ခြင်း၊ သတ်ဖြတ်ခြင်း၊နှင့်ပစ္စည်းဥစ္စာများကိုလုယူ ဖျက်ဆီးခြင်းတို့ ပြုလုပ်ခဲ့ကြသည်။[၄၇]

PHR အနေနှင့်လည်း ရိုဟင်ဂျာလူမျိုးများအပေါ် ရဲတပ်ဖွဲ့ဝင်များမှနှိပ်စက်ခြင်း၊အချို့သောရခိုင်လူမျိုးများ၏တိုက်ခိုက်နေမှုကိုဖုံးကွယ်ခြင်းနှင့်တိုက်ခိုက်မှုပြုလုပ်နေစဉ်ကြည့်နေခြင်း စသည်ဖြစ်စဉ်များကိုမှတ်တမ်းတင်နိုင်ခဲ့သည်။

UN မှ မြန်မာပြည်လူ့အခွင့်အရေးဆိုင်ရာစောင့်ကြည့်ရေးအထူးကိုယ်စားလှယ်မှ ၁,၁၀၀ မျှသောလူများသည် ဇွန်လ ၂၀၁၂ ခုနှစ်အကြမ်းဖက်မှုနှင့် အောက်တိုဘာလတွင်ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုနှင့်ဆက်စပ်ပြီး အဖမ်းခံခဲ့ရပြီး အများစုသည် ရိုဟင်ဂျာအမျိုးသားများနှင့်ယောကျ်ားလေးများဖြစ်သည်။[၄၈]ဩဂုတ်လ ၂၀၁၂ခုနှစ်မြန်မာနိုင်ငံနယ်စပ်ရေးရာဝန်ကြီးမှတင်ပြခဲ့သည်မှာ ၈၅၈ ဦးသောလူများသည်အကြမ်းဖက်မှုဖြစ်ပွားပြီးနောက်အထိမ်းသိမ်းခံနေရပြီးထိုမှ ၇၃၄ ဦး သည်ရိုဟင်ဂျာများ(အစိုးရ၏အခေါ်အဝေါ်မှာ ဘင်ဂါလီဖြစ်သည်) ဖြစ်သည်ဟုဖော်ပြသွားခဲ့သည်။[၄၉]အစိုးရ၏တရားဝင်ကြော်ငြာတွင် ရိုဟင်ဂျာများကို ဘင်ဂါလီဟုသုံးစွဲခြင်းမှာထိုသူများအားဘင်္ဂလားဒေရှ်နိုင်ငံမှရောက်ရှိလာကြသူများဖြစ်ပြီးမြန်မာနိုင်ငံသားဖြစ်ရန်တောင်းဆိုနေသူများဖြစ်သည်ဟူသောသဘောကိုဆောင်နေသည်။

October 21, 2012

Violence erupts throughout Rakhine State. Security forces reportedly stand by as Rakhine mobs attack Rohingya villages and neighborhoods, killing inhabitants and burning down houses.

October 27, 2012

President Thein Sein acknowledges that whole villages were burned down in Rakhine State.

Burma's president, Thein Sein.
Photo: JEWEL SAMAD/AFP/Getty Images

မြန်မာနိုင်ငံအတွင်း ဇွန်လ ၂၀၁၂ ခုနှစ်မှဖြစ်ပွားသောမွတ်စလင် ဆန့်ကျင်ရေးအကြမ်းဖက်မှုအပေါ် ဆန်းစစ်ချက်

စာမျက်နှာ ၁၁ အဆက်

ရခိုင်ပြည်နယ်
အောက်တိုဘာလ ၂၁-၂၄ ၊ ၂၀၁၂

အောက်တိုဘာလ ၂၁ရက်နေ့၊ မြောက်ဦးမြို့တွင် မွတ်စလင်စျေးဝယ်သူများအား ဆန့်ကျင်ရေးပေးသောရခိုင်ကုန်သည်တစ်ဦးအား သောင်းကျန်းသူတစ်ချို့ကသတ်ဖြတ်လိုက်ပြီးနောက်၊ အကြမ်းဖက်မှုလှိုင်းလုံးသည် ၃ရက်အတွင်း အခြား ၉ မြို့နယ်အထိပျံ့နှံ့သွားခဲ့သည်။ မျက်မြင်သက်သေများ၏ ပြောဆိုချက်အရတစ်ထောင်နီးပါးရှိသောလက်နက်ကိုင်ဆောင်သောရခိုင်များသည်မွတ်စလင်ကျေးရွာများကိုမီးရှို့ဖျက်ဆီးခဲ့ကြသည်။[၅၀] စစ်တွေမြို့အပါအဝင်ရပ်ကွက်၊ကျေးရွာ၊မြို့နယ်များတွင်နှင့် မွတ်စလင်များတစ်ယောက်မှမရှိတော့ပဲအားလုံးမှာအတင်းအဓမ္မဒုက္ခသည်စခန်းများသို့ပြောင်းရွှေ့ခံခဲ့ရသည်။[၅၁] ထိုသို့ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုကြောင့်လူပေါင်း ၃၅၀၀၀ခန့်မှာအိုးအိမ်မဲ့ဖြစ်ခဲ့ကြပြီးထိုအထဲတွင်မွတ်စလင်မှာ ၉၇ရာခိုင်နှုန်းကျော်ပါဝင်နေသည်။[၅၂]

ဒီဇင်ဘာလ၈၊ ၂၀၁၂ခုနှစ်တွင်နယ်စပ်ရေးရာဝန်ကြီး ဦးသိန်းဌေးမှ ဇွန်လမှ အောက်တိုဘာအတွင်း ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုတွင်ပါဝင်သူများ၏စာရင်းကိုတရားဝင်ထုတ်ပြန်ခဲ့သည်။ သူ၏ ကြော်ငြာချက်တွင် မြို့နယ် ၁၂ခုမှ လူပေါင်း၁,၁၂၃ဦးကိုထိမ်းသိမ်းထားပြီးထိုအထဲတွင်ရိုဟင်ဂျာလူမျိုး (ဘင်ဂလီ) ၈၄၉ဦး၊ ရခိုင်လူမျိုး ၂၃၃ဦး၊ ဟိန္နူ ၂၇ဦး၊ မရာမဂျီ ၄ဦး နှင့် ဗမာ(မြန်မာ)၈ဦးပါဝင်သည်။[၅၃] အကျဉ်းသားများအနေနှင့်မည်သည့်အာမခံချက်မျိုးကိုမှရယူခွင့်မရှိသလို၊ ဥပဒေအကျိုးဆောင်ရွက်နေတာင်းခံခွင့်လည်းမရခဲ့ပေ။[၅၄] ဖေဖော်ဝါရီလ ၂၀၁၃ ခုနှစ်တွင် ဒီမိုကရက်တစ် မြန်မာ့အသံမှ ထုတ်ပြန်ခဲ့သော စာတမ်းအရ ၉၆၆ဦးသော ရိုဟင်ဂျာများသည် နိုဝင်ဘာ ၂၀၁၂ခုနှစ်လောက်ကတည်းမှကျန်ရစ်သူများဖြစ်သည်ဟုဆိုသည်။[၅၅] ရခိုင်လူမျိုးများမှာ ထောင်ဒါက် ၆လမှ တစ်နှစ်ထိကျခံရရုံနှိပ်တွင် ရိုဟင်ဂျာများမှာထောင်ဒါက် ၁၃နှစ် ထိကျခံရနေရသည်။[၅၆] ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလစစ်တမ်းအရ ၆၈ဦးမှာအချုပ်ကျနေစဉ်အတွင်းသေဆုံးပြီး၊ ၆၂ဦးမှာဘူးသီးတောင်ထောင်တွင်အကျဉ်းချခံနေရသည်။[၅၇] မသက်မှုဖြင့်ဖမ်းခံထားရသောရခိုင်လေးဦးမှာ ၂၀၁၃ခုနှစ်ဇူလိုင်၉ရက်နေ့တွင် မြန်မာအစိုးရမှတရားဝင်ထုတ်ပြန်သောစာတမ်းအရ ၁၁၆၉ဦးမှာ အကြမ်းဖက်မှုနှင့်ဆက်စပ်နေသည်ဟူသောစွဲချက်ဖြင့်ဖမ်းဆီးထားပြီး၊ ၅၀၇ဦး အားတရားရုံးမှ ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ကျန် ရှိသော ၆၆၂ဦးမှာရုံတင်စစ်ဆေးနေဆဲဖြစ်သည်။ ထိုသို့တရားစီရင်ရာတွင်ဘာသာရေးနှင့်လူမျိုးရေးကွဲပြားစေမှုကြောင့်ဖမ်းဆီးခံရမှုလက္ခဏာမတွေ့ရပေ။[၅၈]

မြန်မာအစိုးရ၏၂၀၁၂ခုနှစ် ဇွန်လမှ အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုများကြောင့်သေဆုံးသူပေါင်း ၁၇၆ဦး[၆၀]မှ ၂၁၀ဦး[၆၁] အထိရှိသည်ဟုခန့်မှန်းသော်လည်းလက်တွေ့တွင်ရိုဟင်ဂျာများထိုထက်မကသေကြေခဲ့ကြသည်။[၆၂]ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ထုတ်ပြန်သောကြော်ငြာချက်တွင်ပင် လူပေါင်း ၅၀၀ ထက်မနည်းအသတ်ခံရသည်ဟုပါရှိခဲ့သည်။[၆၃] မြန်မာအစိုးရ၏တရားဝင်ထုတ်ပြန်ချက်အရထိုအကြမ်းဖက်မှုကြောင့်အောက်တိုဘာလတွင် လူပေါင်း ၈၉ဦးသေဆုံးကာ ၁၃၆ဦးအနာတရ ဖြစ်ပြီး အိမ်ခြေ၅,၃၀၀နှင့်ဘာသာရေးအဆောက်အဦးများ ပျက်ဆီးခဲ့သည်ဟုထုတ်ပြန်ကြော်ငြာခဲ့သည်။[၆၄] မေလ ၂၀၁၃ခုနှစ် တွင် လူပေါင်း ၁၄၀,၀၀၀လောက်မှာရခိုင်ပြည်နယ်၏ ၈၉နေရာတွင်ဒုက္ခသည်စခန်းများ ဖွင့်လစ်ကာနေထိုင်နေခဲ့သည်။[၆၅]

ရန်ကုန်
ဖေဖော်ဝါရီ ၂၀၁၃

၂၀၁၃ခုနှစ် ဖေဖော်ဝါရီလတွင် သာကေသ မြို့နယ်အတွင်းရှိ မွတ်စလင်ကျောင်းများနှင့် မွတ်စလင်များပိုင်သော ဈေးဆိုင်များကို ဗုဒ္ဓဘာသာဝင်တစ်ချို့မှ ဝင်ရောက်ဖျက်စီးခဲ့ကြသည်။ထိုလူထု၏မှားယွင်းနေသောအမြင်မှာမွတ်စလင်ကျောင်းမှကျောင်းမိုးပြင်ရန်တောင်းဆိုခဲ့မှုကိုဗလီပြင်ဆောက်ရန်အထင်နှင့်လွဲမှားစွာထင်မြင်နေခြင်းပင်ဖြစ်သည်။[၆၆]

သာကေသမြို့နယ်အတွင်းဖြစ်ပွားခဲ့သောပဋိပက္ခများကို ဖန်းတီးသည်ဟုယူဆရသောလူ ၄ဦးကို ရဲစခန်း မှဖမ်းဆီးထားသည်ဟုဆိုသော်လည်းခဏာသာဖမ်းဆီးပြီးပြန်လွတ်ပေးခဲ့ကြသည်။ထို့နောက်တွင်တော့ဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှု မည်သည့်သတင်းမျိုးကိုမှ ထုတ်ပြန်ခြင်းမရှိတော့ပေ။

October 28, 2012

Over 35,000 people displaced by violence that started on October 21 increase the total number of IDPs in Rakhine to 100,000; nearly all are Muslim.

A Rohingya girl stands next to a shelter in an unregistered/ unofficial IDP camp near Sittwe.

မိထီလာရှိ မင်္ဂလာ ဈေးရုံအနီးတစ်ဝိုက် ကိုလူအုပ်ကြီးမှ မီးရှို့ဖျက်စီးခဲ့ပုံ နှင့် ကျောင်းသားများ ဆရာများနှင့် ထိုနေရာတွင်နေထိုင် သူများအားသတ်ဖြတ် ခဲ့သောနေရာ။ ဓါတ်ပုံ Heim Aung

မွန်လေးတိုင်နှင့် ပဲခူးတိုင်း

မတ်လ ၂၆-၂၉ ၂၀၁၃

မွန်လေးတိုင်းတွင်ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုအစမှာ မိထီလာမြို့နယ်အတွင်းရှိမွတ်စလင်ပိုင်သောရွှေဆိုင်တွင် ဗုဒ္ဓဘာသာဝင်လင်မယား မှသူတို့ ၏ရွှေဘီးစက္ကုပ်လာရောင်းရင်းအငြင်းပွား မှုဖြစ်ရာမှစတင်ခဲ့ခြင်းဖြစ်သည်။အငြင်းပွားမှုဖြစ်ကာရွှေဆိုင်ပိုင်ရှင်မှရွှေလာရောင်းသောအမျိုးသားအားလမ်းပေါ်တွင်ရိုက်နှက်မှုဖြစ်ပွားခဲ့ပြီးရဲများမှရွှေဆိုင်ပိုင်ရှင်နှင့်သူ့အမျိုးသမီးအားဖမ်းဆီးသွားခဲ့သည်။[၆၈] မြင်တွေ့သောပါတ်ဝန်းကျင်မှလူများသည်မွတ်စလင်ဆန့်ကျင်ရေးနှင့်ဆိုင်သည့် စာသားများအော်ဟစ်ကာ အခင်း ဖြစ်ပွား ခဲ့သော ရွှေဆိုင်သာမက ဘေးတစ်ဖိုက်ရှိ မွတ်စလင်များ ပိုင်သောရွှေဆိုင်များကိုပါ ဖျက်စီးခဲ့ကြသည်။[၆၉] ထိုအချင်းအရာကိုတုံ့ပြန်သည့်အနေဖြင့် မွတ်စလင်တစ်စုသည် ဘုန်းကြီးတစ်ပါးကို သတ်ခဲ့ကြသည်။ထိုဘုန်းကြီးသတ်ခံရသည့်သတင်းပျံသွားသည်နှင့် ဗုဒ္ဓဘာသာဝင် လူအုပ်ကြီးသည် မွတ်စလင်များကို တိုက်ခိုက်ကြပြီး သူတို့ ၏နေအိမ်များ၊ ဘာသာရေး အဆောက်အဦးများ နှင့် ဈေးဆိုင်များကိုဖျက်စီးခဲ့ကြသည်။[၇၀] ထိုအရေးအခင်းကြီးသည်ရက်အနည်းငယ်အတွင်းမွန်လေးနှင့် ပဲခိုင်းတိုင်းတောင်ပိုင်းအထိ ပျံနှံ့သွားခဲ့သည်။[၇၁] မျက်မြင်သက်သေများမှPHRသို့ ပြောပြချက်အရ အရေးအခင်းဖြစ်ပွားခဲ့သော ၃ရက်တာ ကာလ အတွင်း မိတ္ထီလာမြို့အတွင်းရှိဗလီကျောင်းပေါင်း ၁၃ကျောင်းရှိသည့်အနက် ၁၂ကျောင်းပျက်စီး ခဲ့ပြီးအိမ်ခြေပေါင်း ၁၅၀၀လည်းပျက်စီးခဲ့သည်။[၇၂] မျက်မြင်သက်သေ တစ်ချို့မှ PHRသို့ ပြောခဲ့သည် မှာအရေးအခင်း ကာလအတွင်း မွတ်စလင်လူမျိုးများ၏ နေအိမ်များတွင် ဂုဏ်ဗ ဟူသော ဂဏန်းကို မှုတ်ဆေးဖြင့်မှုတ်ကြသည်။[၇၃]ထိုဂဏန်းသည်မွတ်စလင်များတွင်အမိပါယ်ရှိ ပြီး[၇၄] ဤဖြစ်ရပ်တွင် မွတ်စလင်များနေထိုင်သော အိမ်များကို လွယ်ကူစွာ ဖျက်စီးနိုင်ရန်ဖြစ်သည်။[၇၅]

မျက်မြင်သက်သေတစ်ဦးမှ PHR သို့ပြောပြသည် မှာထိုအရေးအခင်းမဖြစ်ခင်တစ်ပတ်အလိုတွင် ဗုဒ္ဓဘာသာဝင်များသည် ဓဓဓတံဆိပ်ပါစတေကာများကိုသူတို့ ၏နေအိမ်များတွင်လိုက်လံကပ်ခဲ့သည်။

October 29, 2012

Explosions reportedly caused by hand grenades occur at two mosques in Kawkareik Township in Karen State.

November 1, 2012

Thousands of Rohingyas in Pauktaw Township refuse to sign government registration forms because authorities replaced the term ‘‘Rohingya’’ with ‘‘Bengali.’’

November 4, 2012

Doctors Without Borders reports that pamphlets and posters being distributed in Sittwe threaten any aid workers who treat Muslims.

မြန်မာနိုင်ငံအတွင်း ဇွန်လ ၂၀၁၂ ခုနှစ်မှဖြစ်ပွားသောမွတ်စလင် ဆန့်ကျင်ရေးအကြမ်းဖက်မှုအပေါ် ဆန်းစစ်ချက်

စာမျက်နှာ ၁၃ အဆက်

ထို ၉၆၉ တံဆိပ်လိုက်လံဝေနေသောလူစုသည် အဝေခံရသောအိမ်သို့ ထိုစတေကာများကိုကပ် ထားမှသာလျှင်အိမ်မီးရှို့သည့်ထဲမပါပဲကျန်မည်ဟု ပြောကာဝေနေခဲ့သည်။[၇၆] မျက်မြင်သက်သေတစ် ဦးမှPHRသို့ ပြောကြားချက်အရဘုန်းကြီးများမှအ ကြမ်းဖက်ရန်လှုံ့ဆော်နေခဲ့ပြီး၊အချို့မှာလက်နက် များကိုင်ဆောင်ထားကြသည်ဟုပြောပခဲ့ သည်။[၇၇]

မျက်မြင်သက်သေသူတစ်ဦး၏ပြောပြချက်အရ မွတ်စလင်များ၏အိမ်များ၊ဗလီများဖျက်စီးခံနေရပြီး အသတ်ခံနေရချိန်တွင်ရဲမှကြည့်နေရုံမှတစ်ပါးမည် သည့်လုပ်ဆောင်မှုမျှမရှိကြောင်းပြောပြခဲ့သည်။[၇၈]

မိထီလာတွင်ဖြစ်ပွားခဲ့သော အထိကရုဏ်းကြောင့် လူတော်တော်များများအဖမ်းခံခဲ့ရပါသည်။မွန်လေး တိုင်းဝန်ကြီးဦးရဲအောင်မြင့်မှမိထီလာအရေးအခင်း ဖြစ်ပွားမှုတွင်ပါဝင်သောလူပေါင်း၈၇ဦးဖမ်းဆီးခဲ့ပြီး ထိုအထဲတွင်ဗုဒ္ဓဘာသာဝင်၃၈ဦးပါဝင်ခဲ့သည်ဟု အစီရင်ခံခဲ့သည်။[၇၉] ဇပရယ်လဘုရက်နေ့တွင်နိုင်ငံ ခြားရေးရာဝန်ကြီးမှလူပေါင်း၁၄၂ဦးဖမ်းဆီးထားပြီး ပဲခူးနှင့်မွန္တလေးအကြမ်းဖက်မှုတွင်ပါဝင်သောလူ ပေါင်း၃၂ဦးကိုလည်းဖမ်းဆီးနေခဲ့သည်ဟုထုတ် ပြန်ခဲ့သည်။[၈၀] ရဲဌာန၏ ပြောပြချက်အရ လူပေါင်း ၇၀အဖမ်းခံရပြီးထိုအထဲတွင်မွတ်စလင်လူမျိုး၂၈ဦး နှင့်ဗုဒ္ဓဘာသာဝင်၄၂ယောက်တို့ ပါဝင်ကြောင်း ထုတ်ပြန်ခဲ့သည်။[၈၁]သို့ သော်လည်းမျက်မြင်သက် သေများ၏ပြန်လည်ပြောကြားချက်မှာထိုဖမ်းဆီး ထားသောသူများကိုခေတ္တခဏတာထိမ်းသိမ်းမေး မြန်းပြီး ပြန်လွတ်လိုက်သည်ဟုဆိုသည်။[၈၂]

ယခုအစီရင်ခံစာရေးနေချိန်အတောအတွင်းမြန်မာ အစိုးရမှမိထီလာတွင်ဖြစ်ပွားခဲ့သောအကြမ်းဖက်မှု တွင် ပါဝင်ခဲ့သော လူပေါင်း ၄၄ဦး ဖမ်းဆီးခဲ့ပြီး ဗုဒ္ဓဘာသာဝင်နှင့် မွတ်စလင်များပါဝင်နေသည်။ ၂၀၁၃ခုနှစ်ဖေဖေါ်လတွင်ရွှေဆိုင်ပိုင်ရှင်အပါအ ဝင်သူ ဇနီးနှင့်အလုပ်သမားများကိုခိုးမှုဖြင့်ထောင် ဒဏ် ၁၄နှစ် ချမှတ်ခဲ့သည်။[၈၃] မေလတွင်ဘုန်းကြီး တစ်ပါးအား၎င်းတို့ဖြတ်မှုတွင်ပါဝင်သောမွတ်စလင် ၂ဦးအား ထောင်ဒဏ် ၂၀နှစ် ချမှတ်ခဲ့သည်။[၈၄] ဇူလိုင်လတွင်ဗုဒ္ဓဘာသာဝင်နှစ်ဦးအားအဓိက ရုဏ်းများတွင်လူသတ်မှုဖြင့်ထောင်ဒဏ်၇နှစ်ချ မှတ်ခဲ့သည်။[၈၅] ဇူလိုင်လ ၉ရက် နှင့်၁၁ရက်၂၀၁၃ ခုနှစ်အတွင်းဗုဒ္ဓဘာသာဝင်၂၅ဦးနှင့်မွတ်စလင် ၄ဦးအားမိထီလာမြို့တွင်းအကြမ်းဖက်မှုများဖြစ် ပေါ်အောင် လုပ်ဆောင်မှုဖြင့်ထောင်ဒဏ်ချမှတ်ခဲ့ သည်။[၈၆] ဗုဒ္ဓဘာသာဝင် ၂၅ဦးအား မီးရှို့မှု၊လူထုအုံ့ကြွအောင်ဖန်တီးမှု၊ ခိုးမှု၊ နှင့်လူ သတ်မှု[၈၇]စသောပြစ်ဒဏ်များကြောင့်ထောင်ဒဏ် ၁၀ မှ ၁၅နှစ်အထိချမှတ်ခဲ့သည်။[၈၈]မွတ်စလင်၄ဦး အားလူသတ်မှုတစ်ခုတည်းဖြင့်သာ ထောင်ဒဏ် တစ်သက်တစ်ကျွန်းချမှတ်ခဲ့သည်။[၈၉] ၂၀၁၂ခုနှစ် ဇူလိုင်လတွင် ဗုဒ္ဓဘာသာဝင်တစ်ဦးနှင့်မွတ်စလင် ၂ဦးအား မီးရှို့မှု၊ ပစ္စည်းဥစ္စာများ ဖျက်စီးမှုဖြင့် ထောင်ဒဏ်၅နှစ်ချမှတ်ခဲ့သည်။[၉၀]ရခိုင်ပြည်နယ်မှ တက်ကြွလှုပ်ရှားသူကျောင်းသားတစ်ဦးဖြစ်သော ရဲမင်းဦး မှာလည်းယခုအစီရင်ခံစာရေးနေချိန်တွင် လူထုအုံ့ကြွမှုဖြစ်အောင်လှုံ့ဆော်မှုဖြင့်မတ်လ ၂၅ ရက်တွင်စတင်ဖမ်းဆီးပြီးထောင်ဒဏ် ၆နှစ်ချမှတ် ခဲ့သည်။[၉၁]

ရဲရဲရင့်ရင်လုပ်ဆောင်မှုများ

အချို့အပြုသဘောဆောင်သောဖြစ်ရပ်များလည်းမြန်မာ ပြည်တွင်ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုဖြစ်ရပ်အတွင်းအ ခန်းသစ်ဖြင့်ရှိခဲ့သည်။ မြန်မာနိုင်ငံရှိလူမှုအဖွဲ့အစည်း များမှငြိမ်းချမ်းရေးဖေါ်ဆောင်ရေးနှင့်ပြန်လည်သင့်မြတ် ရေးအတွက်ဦးဆောင်ကြိုးပမ်း နေခဲ့ပြီး အစိုးရသည် ထိုအဖွဲ့အစည်းများထံမှလေ့လာသင်ယူနိုင်သည်။ မြန်မာ နိုင်ငံတွင်ရှိအေအိုင်ဒီအက်စ်ဝေဒနာသည်များအားကူညီ သောလူငယ်အဖွဲ့ - IYCA-Myanmar ၊ မဇိမလူငယ် ကွန်ယက်၊ မြန်မာနိုင်ငံလုံးဆိုင်ရာငြိမ်းချမ်းရေးဖော် ဆောင်သည့်အဖွဲ့၊မြန်မာပြည်လူငယ်အရင်းအမြစ်အဖွဲ့ - MYRS နှင့် အခြားသောအဖွဲ့အစည်းများမှလည်း ဘာသာရေးဆိုင်ရာ ဆွေးနွေးဖလှယ်ပွဲများနှင့်အကြမ်းမ ဖက်ရေးဆွေးနွေးပွဲများကို လုပ်ဆောင် ခဲ့ကြသည်။[၉၂] စစ်တွေအကြမ်းဖက်ဖြစ်ရပ်အတွင်းမွတ်စလင်များကိုအ ဖွဲ့အစည်းများနှင့်တစ်ယောက်ချင်းအားဖြင့်ကာကွယ်ပေး ခဲ့သည်ကို အကြမ်းဖက်ခံခဲ့ရသူများမှ PHR သို့ပြောပြခဲ့ သည်။ သာဓကအနေဖြင့်ရိုဟင်ဂျာတစ်ဦးမှပြောပြခဲ့ သည်မှာကြက်ခြေနီအသင်းဝင်ရခိုင်ဝန်ထမ်းများမှသူတို့ ကိုရခိုင်သောင်းကျန်းသူများမှရိုက်နက်နေမှုအပေါ်ကြား ဝင်ရပ်တန့်ခဲ့ပြီး၊သူတို့ကိုဆေးကုသမှုများပေးခဲ့သည်ဟု ဆိုသည်။[၉၃] အခြားအကြမ်းဖက်ခံရသူမွတ်စလင်တစ်ဦးမှ ဗုဒ္ဓဘာသာဝင်အိမ်နီးချင်းများသည်သူတို့ကိုအကြမ်းဖက် အုပ်စုများမှအကာအကွယ်ပေးပြီးတိုက်ခိုက်မှုမှလွတ် မြောက်အောင်ကူညီပေးခဲ့သည်ဟုပြောပြခဲ့သည်။[၉၄] ထိုပြင်PHRမှဗုဒ္ဓဘာသာဘုန်းကြီးများမှအကြမ်းဖက်မှု ရပ်တန့်ရန်ကြားဝင်ကြိုးပမ်းခဲ့မှုဖြစ်ရပ်နှစ်ခုကိုလည်း သတင်းကောက်ခံပြုစုနိုင်ခဲ့သည်။[၉၅]

November 15, 2012

The United Nations Office for the Coordination of Humanitarian Affairs (UN OCHA) announces that 115,000 displaced persons are in 58 locations in Rakhine State, more than half of them located near Sittwe.

November 17, 2012

Satellite evidence obtained after the violence in October shows the complete destruction of Rohingya villages and neighborhoods throughout Rakhine State.

November 17, 2012

President Thein Sein promises to address the underlying problems of the violence in Rakhine State in a televised address and letter to the UN.

ယခုအစီရင်ခံစာရေးနေစဉ်အတောအတွင်းလူပေါင်းငှဉ်းအားထောင်ဒါဇင်များချမှတ်ခဲ့ပြီးထိုအထဲတွင်ပုဒ္ဓဘာသာဝင် ၂၈ဦးရှိပါသည်(ထိုသူအားလုံးအားထောင်ဒါဇင် ၃နှစ်မှ၁၅နှစ်အထိသတ်မှတ်ခဲ့သည်။)[၉၇]

ပဲခူးရှိရဲများမှ သူတို့ ဖမ်းဆီးသည့်လူဦးရေမှာ ၅၀ မှ ၆၀ အတွင်းရှိပြီးထိုအဖမ်းခံရသောလူများသည်သူများ၏အိမ်မှပိုင်ဆိုင်မှုများကို ဖျက်စီးခြင်းကြောင့်ဖြစ်သည်ဟုဆိုသည်။[၉၈] ဝိုးညဲမြို့နယ်တွင် လူ၂၁ဦး ကိုအကြမ်းဖက်မှုတွင်ပါဝင်သည်ဟုဆိုကာဖမ်းဆီးထားခဲ့သော်လည်းငှယောက်ကို သာလျှင်မီးရှို့မှုနှင့် ထောင်ချခဲ့သည်။[၉၉] လူ၁၀ဦးကိုတော့ဖြင့် သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်ကိုချိုးဖောက်မှုနှင့်ထောင် ၃လ ချမှတ်ခဲ့သည်။[၁၀၀] မွတ်စလင်တစ်ဦးအား ဇပရယ်လ ၂၀ ရက် နေ့တွင် ပဲခူးရှိ စတိုးဆိုင်တစ်ဆိုင်မှာ ၉၆၉ စတေကာဖျက်သည်ကိုဘာသာရေးစော်ကားမှုဖြင့်ထောင်၂နှစ်ချမှတ်ခဲ့သည်။သူသည်အရေးအခင်းစတင်ဖြစ်ပွားပြီး၂ရက်အကြာတွင်ဖမ်းဆီးခဲ့ပြီးနောက်တစ်နေ့တွင်ထောင်ချခဲ့သည်။[၁၀၁]

ဥက္ကံမြို့၊ ရန်ကုန်တိုင်း
ဇပရယ် ၃၀ မှ မေ ၁ရက် ၊ ၂၀၁၃

ဥက္ကံမြို့တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုအစမှာ မွတ်စလင်အမျိုးသမီးတစ်ဦးမှ၁၁နှစ်အရွယ်ကိုရင်တစ်ပါးအားရိုက်နှက်ခဲ့ပြီး၊ကိုရင်၏လက်မောင်းရိုးကျိုးသွားခြင်းမှ စတင်ခဲ့သည်။[၁၀၂] ရဲများမှထိုအမျိုးသမီးအား ထိမ်းသိမ်းမှုပြုလုပ်လိုက် ပြီးနောက် မွတ်စလင်လူအုပ်ကြီးမှပြန်လည်လက်တုန့်ပြန်တိုက်ခိုက်မည်ဟူသောကောလဟာလသတင်းထွက်ပေါ်ခဲ့သည်။လက်နက်ကိုင်ဗုဒ္ဓဘာသာဝင်လူအုပ်များသည်မွတ်စလင်များအားရုတ်တရက်ဖမ်းဆီးရန်အတွက်မွတ်စလင်အများစုနေထိုင်သောနေရာများသို့စီးနင်းထားခဲ့ သည်။[၁၀၃] ထိုင်နောက်လူပေါင်း၂၀၀နှင့်၃၀၀၀နီးကျင်ရှိသောဗုဒ္ဓဘာသာဝင်လူအုပ်သည်ရွာအတွင်းသို့ ဆိုင်ကယ်များဖြင့် ဝင်ရောက်ကအိမ်များနှင့် ဗလီကျောင်းများဖျက်ဆီးခဲ့သည်ဟုရွာခံမှပြောပြခဲ့သည်။[၁၀၄]တိုက်ခိုက်ခဲ့သူတစ်ချို့မှာရွာအနီးအနားမှဖြစ်ပြီးအချို့မှာအခြားနေရာတွင်မှဖြစ်သည်။[၁၀၅]

လူပေါင်း၂၁ဦးအားဥက္ကံအရေးအခင်းတွင်ပါဝင်နေမှုဖြင့် မေလ ၂၀၁၃ခုနှစ်တွင်ဖမ်းဆီးခဲ့သည်။[၁၀၆] ထိုအကြမ်းဖက်မှုကို စတင်ဖြစ်ပွားစေသောမွတ်စလင်အမျိုးသမီးအားဘာသာရေးစော်ကားမှုဖြင့်ဖမ်းဆီးအရေးယူခဲ့သည်။[၁၀၇] သူမနှင့်အခြားမွတ်စလင်အမျိုးသမီး တစ်ဦးသည်လည်း အလုပ်ကြမ်းနှင့် ထောင်ဒါဇင် ၂နှစ် ကျခံခဲ့သည်။[၁၀၈]

ဖားကန့်၊ ကချင်ပြည်နယ်
မေလ ၄ရက် ၂၀၁၃

မေလ၄ရက်နေ့တွင် အယောက်၃၀မျှရှိသော ဗုဒ္ဓဘာသာဝင်များသည် မွတ်စလင် လူမျိုးများပိုင်သော ဈေးဆိုင်များ၊ နေအိမ်များကို နေရာသုံးခုတွင် ဖျက်ဆီးခဲ့သည်။ သို့သော်လည်း ပြဿနာ၏ အစကိုမူ မည်သူမှ မသိရှိကြပေ။[၁၀၉]

ဗုဒ္ဓဘာသာဝင်၂ဦးအားအရေးအခင်းဖြစ်အောင်ကြံစည်မှုဖြင့် စွပ်စွဲခဲ့ကြသော်လည်း သူတို့အား ဖမ်းဆီးခြင်းမရှိခဲ့ပေ။ ယခုအစီရင်ခံစာရေးနေချိန်အထိ အမှုဖေါ်ထုတ်ခြင်း၊ဖမ်းဆီးခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းမရှိသေချေ။[၁၁၀]

လားရှိုး၊ ရှမ်းပြည်နယ်
မေလ ၂၈-၂၉၊ ၂၀၁၃ ခုနှစ်

လားရှိုးမြို့တွင်ဖြစ်ပွားသောပဋိပက္ခအစမှာမွတ်စလင်အမျိုးသားတစ်ဦးမှ ဓါတ်ဆီရောင်းသော ဗုဒ္ဓဘာသာဝင်အမျိုးသမီးတစ်ဦးနှင့် ရန်ဖြစ်ပွားခြင်းမှစတင်ခဲ့သည်။[၁၁၁]ရန်ဖြစ်နေစဉ်တွင်ထိုအမျိုးသားမှတဆင့်များကိုဆိုင်တစ်ဆိုင်လုံးနှင့်အမျိုးသမီးကိုယ်ပေါ်လောင်းချကာမီးလောင်စေခဲ့သည်။[၁၁၂] ရဲများမှထိုအမျိုးသားအားဖမ်းဆီးသွားချိန် ဗုဒ္ဓဘာသာဝင်လူအုပ်ကြီးသည်ရဲစခန်းသို့ ရောက်လာကာထိုအမျိုးသားအားသူတို့ လက်ထဲထည့်ရန်တောင်းဆိုကြသည်။ ရဲများမှထိုတောင်း ဆိုမှုကိုငြင်းလိုက်သဖြင့်လူအုပ်ကြီးသည်ဗလီကျောင်းသို့သွားကာဗလီကိုမီးရှို့ဖျက်ဆီးခဲ့ကြ သည်။[၁၁၃] ထို့နောက်ထိုလူအုပ်ကြီးမှ ဆိုင်ကယ်များဖြင့် မြို့တွင်းနှင့်ဈေးသို့ လှည့်လဲကာလူမျိုးရေးသီချင်းများသီဆိုခဲ့ကြသည်။[၁၁၄]အကြမ်းဖက်မှုဖြစ်ပွားနေစဉ်အတွင်းသတင်းထောက်များနှင့်လူသားချင်းစာနာကူညီထောက်ပံ့သူများမှချိန်ခြောက်မှုနှင့်တိုက်ခိုက်မှုများနှင့်ရင်းဆိုင်ခဲ့ရကြောင်းပြောပြခဲ့သည်။

December 7, 2012

Following a four-day visit to Burma, Valerie Amos, UN under-secretary-general for humanitarian affairs, states that the situation for IDPs in Rakhine State is "dire."

December 24, 2012

The UN General Assembly unanimously approves a non-binding resolution expressing concern over violence in Rakhine State and advocates that Burma protect the rights of Rohingyas.

February 11, 2013

Government authorities instruct immigration officials in Rakhine State to prevent Muslims from moving outside their townships.

စာမျက်နှာ ၁၅ အဆက်

ရှမ်းပြည်နယ်၏ ပြောရေးဆိုခွင့်ရှိသူဦးဝေလင်းမှ ထိုသို့ ပြဿနာဖြစ်ပွားအောင်လုပ်သောလူငှဉ်းအားဖမ်းဆီးထားခဲ့ပြီးထိုအထဲတွင်အများစုမှာဗုဒ္ဓဘာသာဝင်များဖြစ်သည်ဟုပြောဆို ခဲ့သည်။[၁၁၆] လားရှိုးမြို့နယ် ရဲမှူး မိုးဇော်လင်းမှ လူပေါင်းဒဝကျော် အကြမ်းဖက်မှုဖြစ်ပွာစဉ်အတွင်းဖမ်းဆီးခဲ့သည်ဟုဆိုသည်။[၁၁၇] ထိုအထဲမှ ထောင်ကျသူတစ်ဦးတည်းမှာမွတ်စလင်အမျိုးသားတစ်ဦးဖြစ်ပြီး၊ ထိုသူမှာ ထောင်ဒါဂ် ၂၆နှစ်ကျခံရပြီးသူ၏ပြစ်မှုများမှာလူသတ်ရန်ကြိုးပမ်းခြင်း၊ ကိုယ်ထိလက်ရောက်စော်ကားခြင်းနှင့်မူးယစ်ဆေးဝါးနှင့်ပက်သတ်သောအမှုတို့ဖြစ်သည်။[၁၁၉]

မိုးနဲမြို့၊ ပဲခူးတိုင်း

၈မ ၂၉၊ ၂၀၁၂ခုနှစ်

ဖြစ်ပွားခဲ့သောပဋိပက္ခအစမှာ မွတ်စလင်နှင့် ဗုဒ္ဓဘာသာဝင်ယောက်ဖအချင်းချင်းစကားများခဲ့ရာမှစတင်ခဲ့ပြီ၊အနာဂတ်ဖြစ်သည်အထိဖြစ်ပွားခဲ့သည်ဟုဆိုသည်။[၁၂၀] နှစ်ဦးစလုံးကို ရဲစခန်းမှဖမ်းဆီးထားပြီးမကြာခင်တွင်ဗုဒ္ဓဘာသာဝင်များသည်ရဲစခန်းသို့ ရောက်လာကာထိုမွတ်စလင်အားကြီးလေးသောအပြစ်ပေးရန်တောင်းဆိုခဲ့ကြသည်။[၁၂၁] ထိုနောက်တွင် ထိုလူအုပ်သည် မွတ်စလင် ဗလီများ ၊ နေအိမ်များကို ဖျက်ဆီး ခဲ့ကြသည်။[၁၂၂]

ယခုအစီရင်ခံစာရေးနေချိန်အထိထိုအကြမ်းဖက်မှုနှင့်ဆက်စပ်ပြီး တစ်စုံတစ်ရာ အရေးယူမှုမရှိသေးပေ။[၁၂၃]

တံတွဲ၊ ရခိုင်ပြည်နယ်

ဇွန် ၃၀ မှ ဇူလိုင် ၁ရက်၊ ၂၀၁၃ ခုနှစ်

တံတွဲတွင်ဖြစ်ပွားသော ပဋိပက္ခအစမှာ မွတ်စလင်လူမျိုးတစ်ဦး သို့မဟုတ် နှစ်ဦးမှ အမျိုးသမီးတစ်ဦးအားမုဒိန်းကျင့်ရာမှစတင်ခဲ့သည်။[၁၂၄] ထိုသတင်းကိုကြားသောဗုဒ္ဓဘာသာဝင်၅၀ခန့်သည်ရဲစခန်းရှေ့တွင်စုရုံးကာမွတ်စလင်နေအိမ်များသို့သွားရောက်ကာမီးရှို့ဖျက်ဆီးခဲ့ပြီး ကမန်းမွတ်စလင်၃ဦးအားဒါဏ်ရာရအောင်ပြုလုပ်ခဲ့သည်။[၁၂၅]နောက်တစ်နေ့တွင်ထိုလူအုပ်ကြီးမှ အခြားမွတ်စလင်များ၏နေအိမ်များကိုလည်း ဖျက်ဆီးခဲ့ကြသည်။[၁၂၆]

အမှန်တကယ်တွင်မူ ဇူလိုင်၂၀၁၃ခုနှစ်ကဖြစ်ပွားသောမုဒိန်းမှုကို မွတ်စလင်တစ်ဦးကိုသာ စွပ်စွဲခဲ့ပြီးဖမ်းဆီးမှုရှိခဲ့သည်။[၁၂၇]

လွတ်ငြိမ်းချမ်းသာခွင့်ရအစဉ်အလာသည် တရားဝင်ပြုပြင်ပြောင်လဲမှုများကိုလှည်းကျင်းပစ်ဖိုရန်နှင့် မြန်မာနိုင်ငံရှိ နိုင်ငံရေးနှင့်လူမှုအဖွဲ့အစည်းခေါင်းဆောင်များမှညီညွတ်စွာပူပေါင်းဆောင်ရွက်မှုစတင်ဆောင်ရွက်ရန်တောင်းဆိုနေသည်။

February 16, 2013

UN Special Rapporteur Tomás Ojea Quintana condemns the Burmese government's treatment of the Rohingyas.

UN special Rapporteur Tomás Ojea Quintana talks to the media following a press briefing on the situation in Rakhine State. Photo: Ye Aung Thu/ AFP/GettyImages

၂၀၁၂ခုနှစ် ဇွန်လမှ စတင်ပြီး ဇူလိုင်၂၀၁၃ခုနှစ် အတွင်း ဖြစ်ပွားခဲ့သော မွတ်စလင်များ အပေါ် တိုက်ခိုက်မှုများသည် မြန်မာပြည်တစ်လျောက်ရှိ ဒေသများစွာသော မြို့များ ပျက်ဆီးခဲ့သည်။ PHR အင်တာဗျူးသူများမှ အချက်အလက်ပေါင်း ၈၉၃ အားရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်မြို့များမှနေရာပေါင်း၁၉ခုမှမျက်မြင်သက်သေများကို မေးမြန်းခဲ့သည်။ မေးမြန်းမှုများအရအကြမ်းဖက်မှု ပုံစံများမှသိသာထင်ရှားစွာတစ်နိုင်ငံလုံးသို့ပြန့်နှံ့နေခဲ့ပြီးအကြမ်းဖက်မှုများသည်အုပ်စုများကြားသာဖြစ်သောအကြမ်းဖက်မှုသာမဟုတ်ပဲမွတ်စလင်ဆန့်ကျင်ရေးအဖွဲ့များမှစတင်ဆောင်ရွက်အားပေးခဲ့မှုများပါနိုင်သည်။

အစိုးရမှထိုအကြမ်းဖက်မှုအားလျစ်လျူရှုနေခြင်းသည် တိုက်ခိုက်မှုများ ပိုမိုများပြားလာစေရန် တွန်းအားပေးသလိုဖြစ်သည်။ထိုသို့ အာဏာပိုင်များမှပြည်သူတစ်ဦးချင်း၏့အခွင့်အရေးများကို ကာကွယ်မှုမပေးခြင်းသည်လည်းအကြမ်းဖက်မှုတွင် လှုံ့ဆော်ပူးပေါင်းကြံစည်မှုရှိသည်ကိုမီးမောင်းထိုးပြနေသည်။အခြေအနေတစ်ခုစီတိုင်းတွင်PHRအနေဖြင့်ပြည်သူများအပေါ်ကာကွယ်မှုမပေးခြင်းနှင့်ပြစ်မှုကျူးလွန်သူများကိုတရားစွဲမှုလုပ်ရပ်များကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ လွတ်ငြိမ်းချမ်းသာခွင့်ရအစဉ်အလာသည် တရားဝင်ပြုပြင်ပြောင်းလဲမှုများကိုလှည့်ကျင်ပစ်ဖို့ရန်နှင့် မြန်မာနိုင်ငံရှိ နိုင်ငံရေးနှင့်လူမှုအဖွဲ့အစည်းခေါင်းဆောင်များမှညီညွတ်စွာပူပေါင်းဆောင်ရွက်မှုစတင်ဆောင်ရွက်ရန်တောင်းဆိုနေသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ ဆိုးရွားလှသော ရဲ၊စစ်တပ်များ၏ ပုံစံသည် တရားဥပဒေစိုးမိုးမှုမရှိခြင်းနှင့်အကြမ်းဖက်မှုများကို အခြားနေရာသို့ ပြန့်နှံ့အောင် ခွင့်ပြုထားသည်။

PHR မှ ပထမဦးစားပေးသတင်းအချက်အလက်များသည်အခြားသတင်းထောက်များနှင့်လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့များမှ PHR မသွားခဲ့သော နေရာများတွင်သွားရောက်ကောက်ခံရယူထားသော သတင်းအချက်အလက်များနှင့် အချက်အလက်အတူတူပင်ဖြစ်သည်။ မြန်မာနိုင်ငံတစ်လျောက်တွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်များ၏ တူညီသောအရာများကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံတွင် လူအခွင့်အရေးချိုးဖောက်မှုသည် အဓိက ပြဿနာဖြစ်သည်။

အကြမ်းဖက်မှုအတွင်းမီးလောင်ကျွမ်းကျန်နေခဲ့သောလူသေအလောင်းများကိုရွာခံများမှကြည့်နေစဉ်-မတ်လ ၂၃၊ ၂၀၁၃ မိတ္ထီလာမြို့
Photo: Soe Than

WIN/AFP/Getty Images

February 18, 2013

Several hundred Buddhist nationalists attack a Muslim school and businesses in the Thaketa Township of Rangoon.

February 20, 2013

In northern Maungdaw Township, 13 Rohingya women and girls are beaten and gang-raped by the Nasaka, Burma's border security force.

February 21, 2013

Deputy minister of immigration and population denies the existence of the Rohingya ethnic group in Burma during a parliamentary question session.

မြန်မာအာဏာပိုင်များမှအကြမ်းဖက်ခံရသောသူ ပြည်သူများအပေါ်ကာကွယ်ပေးမှုမရှိခြင်း[၁၂၈]

"အစိုးရဆီကဘာအကူအညီမှမရပါဘူး။ အစိုးရက ငါတို့ကို ရန်သူတွေလို့ပဲ မြင်နေတယ်။"[၁၂၉] စစ်တွေ ဒုက္ခသည်စခန်းမှ ခေါင်းဆောင်တစ်ဦး

ပဋိပက္ခဖြစ်နေချိန်အတွင်းရဲနှင့်စစ်သားများ၏လုပ်ဆောင်ချက်များသည်နေရာတိုင်းတွင်အတူတူပင်ဖြစ်သည်။ ပြဿနာဖြစ်ပွားသည့် နေရာ ၁၇ခုမှ ၁၃နေရာမှလာသောမျက်မြင်သက်သေများပြောပြချက်အရပဋိပက္ခဖြစ်ပွားချိန်တွင်ရဲများရှိနေသည်ကိုတွေ့ခဲ့ရသည်ဟုဆိုသည်။ပဋိပက္ခဖြစ်ပွားသည့် နေရာ၁၃ခုတွင်အကြမ်းဖက်သမားများမှလက်နက်များဖြင့်လူအုပ်ထဲရှစ်နေရာသို့ပစ်နေသည်[၁၃၀]ကိုတွေ့သော်လည်းလေးကြိမ်တိုင်တိုင်တစ်စုံတစ်ရာပြုလုပ်ခြင်းမရှိခဲ့ပေ။[၁၃၁]မျက်မြင်သက်သေများမှ PHRသို့ ပြောသည့်မှာရဲများသည်တစ်ခါတစ်ရံလေထဲသို့ ပစ်သော်လည်းအများအားဖြင့်လူအုပ်ထဲသို့ ပစ်ထည့်ခြင်းဖြစ်ပြီးတစ်ခါတစ်ရံလူများသေကျေကြသည်။[၁၃၂]အခြေအနေ ၂ခုတွင်သာလျှင်ခါဇ်ရာရနေသောမွတ်စလင်များကိုကူညီမှုများပြုလုပ်ခဲ့သည်။[၁၃၃]တစ်ချို့အခြေအနေများတွင်အစတွင်မည်သည့်ကူညီမှုမျိုးမှမလုပ်ပဲအချိန်အတော်ကြာမှသာမွတ်စလင်များကိုလုံခြုံစိတ်ချရသည့်နေရာများသို့ ပို့ပေးခဲ့သည်။[၁၃၄] စစ်တပ်၏မှတ်တမ်းတွင်မှအခြေအနေကောင်းလာသည်ဟုသာပြောဆိုကြသည်။PHRမှသတင်းအချက်အလက်ကောက်ခံသူများအနေနှင့်လည်းစစ်တပ်မှအခင်းဖြစ်ပွားနေခြင်းကိုတားမြစ်မှုတစ်စုံတစ်ရာမလုပ်ပဲဒီအတိုင်းကြည့်နေသည်မှာ၉ကြိမ်လောက်ရှိသည်ကိုမှတ်တမ်းတင်နိုင်ခဲ့သည်။ စစ်တပ်အနေဖြင့် မွတ်စလင်များရှိရာနေရာသို့ လက်နက်များဖြင့်ပစ် သည်မှာ၂ကြိမ်၊[၁၃၅]အကြမ်းဖက်မှုဖြစ်ပွားနေသည်ကိုမည်သည့်တားဆီးမှုမျှမလုပ်ပဲကြည့်နေသည်မှာ ၃ကြိမ်[၁၃၆]နှင့်ဒါဇ်ရာရနေသောမွတ်စလင်များကို ဆေးရုံသို့ ပိုဆောင်ခြင်းသို့ မဟုတ်ဒုက္ခသည်စခန်းများသို့ ပို့သည်မှာဖြင်ကြိမ်ရှိခဲ့သည်။[၁၃၇] ကျောက်ဖြူမိထီလာနှင့်ရန်ကုန်ရှိမျက်မြင်သက်သေများမှ PHRသို့ ပြောသည်မှာဒေသဆိုင်ရာအစိုးရအနေမှရှိဟင်ဂျာများကိုရခိုင်လူမျိုးများအားတိုက်ခိုက်မှုမပြုလုပ်ရန် တရားဝင်သတိပေးခဲ့ပြီးမွတ်စလင်များကိုကာကွယ်မှုမလုပ်နိုင်ဟုပြောခဲ့သည်။[၁၃၈] ဒေသဆိုင်ရာအစိုးရမှအကြမ်းဖက်မှုဖြစ်ပွားမည်ကိုကြိုသိသော်လည်းမည်သို့ သောကာကွယ်မှုမျိုးကိုမှ မလုပ်ခဲ့ပေ။

"အကြမ်းဖက်မှုဖြစ်ပွားနေစဉ်အတွင်းငါတို့မှာစစ်သားတွေစီကနေဘာကာကွယ်မှုမှမရခဲ့ပါဘူး။ ဒါပေမဲ့အနည်းငယ်ကူညီမှုတော့ရခဲ့တယ်အဲဒါကတော့ဒါဇ်ရာရနေတဲ့လူတွေကိုဆေးရုံပို့ပေးတာပါ"[၁၃၉] စစ်တွေ ဒုက္ခသည်စခန်းမှ အမျိုးသမီးတစ်ဦး

"သူတို့(ရခိုင်လူမျိုး)တွေငါတို့ရွာကိုမတိုက်ခိုက်ခင်ငါတို့ ခဲ့လေတွေကိုဖျက်ဆီးခဲ့တယ်၊ဒါကြောင့် ငါတို့မထွက်ပြေးနိုင်တော့ဘူး။နောက်မနက်မှာတော့မြောက်ဦးစစ်တပ်မှစစ်သားတစ်ချို့ရောက်လာတယ်။သူတို့ပြောတာကတော့ရခိုင်တွေငါတို့ကိုနောက်တစ်ခါထပ်ပြီးမတိုက်ခိုက်အောင်ပြောပေးမယ်ဆိုတာပါပဲ။ငါတို့ မှာအစားအစာလည်းမရှိတော့ပါဘူး၊ဒါကြောင့်အမျိုးသမီးတစ်ချို့ကအစားအစာရှာဖို့သွားလာလုပ်ရှားရပါတယ်၊အမျိုးသားတွေကတော့အပြင်ထွက်ရင်ရခိုင်တွေသတ်မှာကြောက်လို့ အပြင်မထွက်ကြတော့ဘူး။သုံးရက်ကြာပြီးတဲ့အခါစစ်သားတွေနဲ့ ရခိုင်တွေရွာကိုရောက်လာပြီးရခိုင်တွေငါတို့ အိမ်တွေကိုဖျက်ဆီးတာကိုစစ်သား တွေကဘာမှမလုပ်ပဲဒီတိုင်းကြည့်နေခဲ့တယ်။ငါတို့ အဲဒီမှာနှစ်လလောက်နေရပြီးမြက်တွေကိုအစားအစာအနေနဲ့ စားခဲ့ရပါတယ်။စစ်တပ်အနေနဲ့ ငါတို့နေရာကိုနောက်ဆုံး လာတဲ့အချိန်မှာပြောတာကတော့သူတို့အနေနဲ့ ငါတို့ကိုကာကွယ်မှုတွေလုပ်ပေးဖို့ အချိန်သိပ်မရှိတော့တဲ့အတွက်တစ်ခြားတစ်နေရာကိုသွားတာအကောင်းဆုံးဖြစ်မယ်၊ဒါကြောင့်တစ်ခြားတစ်နေရာကို ထွက်သွားကြပါလို့ ပြောပါတယ်"[၁၄၀] စစ်တွေ ဒုက္ခသည်စခန်းမှ အမျိုးသမီးတစ်ဦး

ဖွန်လ ၂၀၁၂ခုနှစ်၊ PHR ကွင်းဆင်းအစီရင်ခံစာ

အဓိကသတင်းပေးသူများမှPHRသို့ ပေးပို့လာသည်မှာစစ်သားများသည်သံတော်လီရပ်ကွက်နှင့် နာဇီရက်ကွက်မီးလောင်နေသည့်အချိန်တွင်ဒီအတိုင်ရပ်ကြည့်နေခဲ့ပြီးမည်သည့်လုပ်ဆောင်မှုမှမပြုလုပ်ကြသည်ကိုတွေ့မြင်ခဲ့ရကြောင်းသတင်းပေးပို့ခဲ့ သည်။[၁၄၁] သတင်းပေးသူတစ်ဦးမှPHR သို့ သတင်းပေးရာတွင်ရွာလူကြီးများမှဗလီနှင့်ရိုဟင်ဂျာအိမ်များကိုဖျက်ဆီးရန်လိုအပ်သောမြေကော်စက်များပေးခဲ့သည်၊ပစ္စည်းများကိုမြေကော်စက်ဖြင့်ဖျက်ဆီးခဲ့ပြီး ထိုမြေကော်စက်မှာ အစိုးရပိုင်ဖြစ်သည်။[၁၄၂]

အခြားသတင်းပေးသူတစ်ယောက်မှ PHR သို့ သတင်းပေးပို့သည်မှာ ရခိုင်များမှ ရိုဟင်ဂျာများရှိသည့်နေရာသို့ရောက်လာပြီးဖျက်စီးမည့်များပြုလုပ်နေသည်ကိုကာကွယ်ပေးရန်ရခိုင်ပြည်နယ်အစိုးရသို့ တောင်းဆိုခဲ့သော်လည်းမည်သည့်လုပ်ဆောင်မှုမျိုးမှမရရှိခဲ့ပေ။[၁၄၃]

March 20, 2013

Buddhist mobs attack Muslim quarters in the city of Meiktila following a dispute between a Muslim gold shop owner and Buddhist customers.

The entire muslim Mingalar Zayyone quarter was totally destroyed as part of the anti-Muslim violence that swept through Meiktila in late March 2013. Photo: Heim Aung

အောက်တိုဘာလ ၂၀၁၂ ခုနှစ်၊ PHR ကွင်းဆင်းအစီရင်ခံစာ

စစ်တွေမြို့မှမိုင်၆၀အကွာတွင်ရဲများနှင့် ဥၫတပ်ရင်းမှစစ်သားများသည်အစိုးရမှပေးသည့်အမိန့်အတိုင်းမွတ်စလင်လူမျိုးများနေထိုင်ရာကျောက်ဖြူရွာအနီးတွင်နေရာယူထားကြသည်။[၁၆၄]ကျောက်ဖြူရွာမှ မွတ်စလင်တစ်ဦး PHR သို့ ပြောသည်မှာ ထိုသို့သောကာကွယ်မှုအတွက်အလွန်တရာကျေးဇူးတင်ရှိကြောင်းနှင့်ထိုသို့ကာကွယ်နေသူများအား အစားအစာနှင့်လက်ဆောင်များပေးပို့ခဲ့ကြောင်းပြောပြခဲ့သည်။[၁၆၅] သိပ်မကြာခင်ပင် ဒေသဆိုင်ရာအစိုးရမှတပ်ရင်းဥၫအစားရခိုင်အရာရှိမှအုပ်ချုပ်သောတပ်ရင်း ၅၄၃ ကိုအစားထိုးခဲ့သည်။[၁၆၆] ကျောက်ဖြူအစိုးရ မှ ရိုဟင်ဂျာများအနေနှင့် ပြန်လည်လက်တုံ့ပြန်သည့်အဖြစ်မျိုးကိုရှောင် ကျဉ်ရမည်ဟုပြောခဲ့သည်။[၁၆၇]မျက်မြင်သက်သေတစ်ဦးမှPHRသို့ ပြောခဲ့သည်မှာ"ငါတို့ကျောက်ဖြူရွာကိုအုပ်ချုပ်နေတဲ့အုပ်ချုပ်ရေးမှူးကိုဖုန်းဆက်ပြီး အကူအညီတောင်းတော့အကူအညီမပေးတဲ့အ ပြင်၊ နင်တို့ရခိုင်အိမ်တစ်လုံးကိုမီးရှို့ရင်နင်တို့အားလုံးအသတ်ခံရမယ်"ဟုပြောခဲ့သည်။[၁၆၈]မျက်မြင်သက်သေတစ်ဦးမှPHRသို့ ပြောသည်မှာအောက်တိုဘာ ၂၃ရက်နေ့အကြမ်းဖက်မှုစတင် ချိန်တွင်ရဲများနှင့် ၅၄၃တပ်ရင်းမှစစ်သားများသည် မွတ်စလင်အိမ်များသို့ မိုလိုတိုအရက်များနှင့်ပစ် ပေါက်နေသူများကိုကာကွယ်မှုများပေးနေသည်ကို မြင်တွေ့ခဲ့ရသည်ဟူ၍ဖြစ်သည်။[၁၆၉] ရိုဟင်ဂျာအတော်များများဒါဂ်ရာရရှိပြီး တစ်ချို့မှာ သေဆုံးခဲ့ကြသည်။[၁၇၀]

"အကြမ်းဖက်မှုမဖြစ်ပွားမီကျမတို့ကိုရခိုင်တွေလာတိုက်ခိုက်တော့မယ်ဆိုတာကိုစျေးထဲမှာပြောနေတာကြားခဲ့ရတယ်။ကျမတော်တော်ကြောက်သွားတယ်။ပြည်နယ်အစိုးရကတော့ရခိုင်တွေကိုတိုက်ခိုက်မှုမလုပ်ဖို့နဲ့ တကယ်လို့တိုက်ခိုက်ရင်ရခိုင်တွေကနေပြီးအိမ်တွေကိုမီးရှို့မယ်လို့ပြောတယ်။ ပြည်ထောင်စုကြီးခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအရာရှိကကျမတို့ကိုစာတစ်စောင်ပို့ခဲ့ပါတယ်။ စာထဲမှာပြောထားတာကတော့(မွတ်စလင်တွေရခိုင်တွေကိုမတိုက်ခိုက်ပါနဲ့၊မဟုတ်ရင်နင်တို့ အိမ်တွေမီးရှို့ခံရလိမ့်မယ်) ဆိုတာပါပဲ" [၁၇၁] ကျောက်ဖြူမှအမျိုးသမီးတစ်ဦး

မတ်လ ၂၀၁၃ခုနှစ်၊ မွန္တလေးရှိ PHR ကွင်းဆင်းအစီရင်ခံစာ

PHRမှမတ်လ ၂၀၁၃ခုနှစ်မိထီလာမြို့တွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုကိုကိုယ်တွေ့မြင်ခဲ့ရသောသူတစ်ဦးကိုမေးမြန်းခဲ့ရာရဲများသည်မွတ်စလင်များပိုင်သောအိမ်များ၊ကျောင်းများနှင့်စျေးဆိုင်များကိုဖျက်ဆီးနေသောလူစုကိုအကာအကွယ်ပေးနေခဲ့သည်ဟုပြောပြခဲ့သည်။ PHR ၏ မေလ ၂၀၁၃ ခုနှစ်ထုတ်အစီရင်ခံစာဖြစ်သော မြန်မာပြည်အလယ်ပိုင်း*တွင်လူအမြောက်အများအသတ်ခံရမှု*၊ မိထီလာမြို့တွင်မွတ်စလင်ကျောင်းသားများအကြမ်းဖက်၊အသတ်ခံရခြင်းအစီရင်ခံစာတွင်ရဲများမှမွတ်စလင်ကလေးငယ် ၂၀နီးပါးနှင့်ဆရာ၊မဌဠီးကိုဗုဒ္ဓဘာသာဝင်များမှသတ်ဖြတ်နေမှုအားဒီတိုင်းကြည့်နေသည်ကိုသတင်းကောက်ခံခဲ့သည်။[၁၇၂]

လူအုပ်လိုက်သူတို့ကိုဝိုင်းတိုက်ခိုက်နေခဲ့မှုအပေါ် ရဲအရာရှိများမှအရေးယူမှုပျက်ကွက်ခဲ့မှုကိုတွေ့မြင်ခဲ့သောမွန္တလေးတိုင်းရှိမျက်မြင်သက်သေများနှင့် PHRမှတွေ့ဆုံစကားပြောခဲ့သည်။မိတ္ထီလာမြို့ခံအမျိုးသားတစ်ဦးမှလူတစ်အုပ်ရဲစခန်းအနီးမှစ၍စျေးသို့သွားနေသည်ကိုတွေ့ခဲ့သည်။သူသည်၄င်းအဖွဲ့တွင်ပါဝင်ခဲ့ပြီးလူအုပ်တွင်ပိတ်မိနေခဲ့ကြောင်း နှင့် ၄င်းအဖွဲ့တွင်ခန့်မှန်းခြေအရာဘုန်းကြီး ၁၀ပါးခန့်ပါဝင ပြီး၅ပါးသည်သံချောင်းများကိုပြည်သူများအားဝေပေးနေခဲ့သည်ကိုတွေ့ခဲ့ကြောင်းပြောပြခဲ့သည်။မွတ်စလင်ဆိုင်အချို့ကိုလည်းမီးရှို့ခဲ့ပြီးဘုန်းကြီးများမှ
၄င်းမီးလောင်ရာသို့ရောက်လာသောမီးသတ်ကားများဖြတ်သန်းရာလမ်းကြောင်းကိုပိတ်ဆို့နေခဲ့သည်ကိုယင်းမျက်မြင်သက်သေမှမြင်တွေ့ခဲ့သည်ဟုဆိုသည်။ရဲတပ်ဖွဲ့အချို့မှထိုဖြစ်ပွားရာနေရာတွင်ရပ်ပြီးကြည့်နေခဲ့သည်ကိုသတိပြုမိခဲ့ကြောင်းကိုလည်းပြောပြခဲ့သည်။[၁၇၃]

ယင်းမှထိုဖြစ်ရပ်ကိုဗီဒီယိုရိုက်ရန်ပြင်နေချိန်တွင်အမျိုးသားတစ်ဦးမှ"ဒီမှကလားတစ်ယောက်(မွတ်စလင်များကိုနိမ့်ပြီးခေါ်သောအသုံးအနှုန်း)ကျွန်ုပ်တို့ကိုခါတ်ပုံရိုက်နေတယ်"ဟုအော်ပြောနေသည်ကိုကြားခဲ့ပြီးလူရှစ်ယောက်မှသူ့ကိုဝိုင်းပြီတုတ်များနှင့်စတင်တိုက်ခိုက်ခဲ့သည်ဟုယင်းမျက်မြင်သက်သေမှပြောပြခဲ့သည်။သူ့ရှေ့တွင်ရပ်နေသောရဲနှစ်ဦးမှသူ့ကိုလက်မောင်းမှဆွဲထူပြီးအနီးရှိရဲစခန်းသို့ခေါ်ဆောင်သွားခဲ့ကြောင်းယင်းမှပြောပြခဲ့သည်။စခန်းသွားရာလမ်းတစ်ရှောက်လူအုပ်တွင်းမှလူများသူကိုတုတ်၊သံချောင်းများနှင့်ရိုက်ခဲ့ပြီးရဲမှအနည်းငယ်မျှသာဟန့်သားခဲ့သည်ဟုယင်းမျက်မြင်သက်သေမှအခိုင်အမာပြောဆိုခဲ့သည်။ PHRစုံစမ်းမေးမြန်းသူများမှယင်းမျက်မြင်သက်သေသည်မျက်နှာပြင်ဒဏ်ရာသိသိသာသာညှိမဲနေပြီးနှာခေါင်းရိုးကျိုးဖွယ်အလားအလာရှိ ကြောင်းမှတ်ချက်ပြုခဲ့သည်။[၁၇၄]

March 21, 2013

At least 20 students and four teachers are reportedly killed by a Buddhist mob that attacked a madrassa in the Mingalar Zayyone quarter of Meiktila.

March 24, 2013

Violence in central Burma spreads as mobs attack Muslim homes, businesses, and mosques in towns outside Meiktila and Rangoon.

March 26, 2013

The official death toll from the violence in Meiktila is raised to 40. UN Special Adviser on the Prevention of Genocide Adama Dieng voices concern over the violence.

Anti-Muslim violence spreads to several villages in Bago Division, resulting in the destruction of mosques, shops, and homes. Many Muslims in the villages are forced to flee.

အကြမ်းဖက်မှုဖြစ်ပွားသောသူရွာမှရှောင်ပြေးရန် ကြိုးပမ်းမှုကိုနှစ်ကြိမ်တိုင်တိုင်ရဲမှပိတ်ဆို့ခြင်းခံခဲ့ရ ပြီးထိုအချိန်တွင်ရဲမှလက်နက်ကိုင်သောလူထုကိုမွတ်စလင်အိမ်နီးချင်းများအားမိနစ်၃၀မျှတိုက်ခိုက်ရန်နှုတ်အားဖြင့်အခွင့်ပေးနေခဲ့သည်ကိုကိုယ်တွေ့မြင်ခဲ့သောအိမ်ထောင်ဦးစီးအမျိုးသမီးတစ်ဦးအား PHRမှမေးမြန်းမှုပြုလုပ်ခဲ့သည်။မတ်လ ၂၃ရက်နေ့တွင်၄၀မှ၅၀တွင်ရှိလူများမှမွတ်စလင်ဆိုင်များကိုမီးရှို့နေသည်ကိုမြင်တွေ့ပြီးနောက်သူကလေး၊မြေးများနှင့်ရွာမှထွက်ခွါရန်ကြိုးပမ်းခဲ့သည်ဟုယင်းမှပြောပြခဲ့သည်။ရဲအရာရှိများမှသူမအားရပ်တန့်လမ်းဆို့ပြီးအိမ်သို့လှည့်ပြန်ခိုင်းခဲ့သည်။ရွာပြန်ရန်စတင်ချိန်တွင် အကြမ်းဖက်မှုသူမ၏ရွာဖက်သို့ဦးတည်ပုံနှံ့လာသည်ကိုတွေ့ပြီးစစ်ဆေးရေးဂိတ်သို့တစ်ဖန်ပြန်လှည့်လာခဲ့ရသည်။အမျိုးသားတစ်စုမှရဲအရာရှိတစ်ဦးနှင့်လမ်းဘေးတွင်ပြောဆိုနေသည်ကိုကြားခဲ့ပြီးရဲမှတုတ်လက်နက်ကိုင်အမျိုး သားအုပ်စုအားမိနစ်၃၀ခန့်မွတ်စလင်ဆိုင်များကိုမီရှို့ရန်နှင့်ပစ္စည်းများကိုလုယူရန်အခွင့်ပေးပြီးနောက်သူ "တစ်ခုခုလုပ်မည်"ဟုဆိုသည်။သူမကိုးစစ်ဆေးရေးဂိတ်ဖြတ်ခွင့်ပေးပြီးနောက်ထိုရဲအရာရှိမှ"အကယ်၍မင်းမြင်ခဲ့တာတစ်ယောက်ယောက်ကိုပြောပြရင်
ငါတို့မင်းကိုလာရှာပြီးရိုက်ပစ်မယ်"ဟုခြိမ်းခြောပြောဆိုခဲ့သည်။[၁၅၅]

"ငါတို့ခြိုးခြင်ရောက်တာနဲ့ဗလီးလောင်နေပြီး မီးသတ်ကားတစ်စီးလာတာကိုတွေ့တယ်။ လူတွေကမီးသတ်ကားဗလီကိုမရောက်ဖို့ လမ်းပိတ်ဆို့နေခဲ့တယ်"[၁၅၆] ဒုကွသည်အမျိုးသမီးတစ်ဦး၊ မိတ္ထီလာမြို့

မြန်မာနိုင်ငံတွင်းရှိအခြားအရပ်မှအစိုရ်ခံစာများ

မေလ ၂၀၁၃လားရှိမိကရုဏ်းများတွင်မီသတ်ဖွဲ့များမှအဆောက်အဦးများမီးလောင်နေမှုကိုတုန့်ပြန်မှုမရှိသည့်အပြင်ယင်းတို့မှမီးလောင်မှုကိုတုန်ပြန်ရန်အမိန့်မကျ၍သူတို့မိမသွားသတ်ကြောင်းပုံစံတူအချက်အလက်များကိုသတင်းစာဆရာများမှအသေးစိတ်ကောက်ခံဖေါ်ပြခဲ့သည်။[၁၅၇]

တရားဝင်စိစစ်ချက်

ရဲအရာရှိများမှဥပဒေချိုးဖောက်မှုဆန့်ကျင်ခံရသောသူအားလုံးကိုကာကွယ်ပေးဖို့ရန်ရဲများ၏ဝတ်တရားလမ်းညွှန်ချက်များအဖြစ်ကမ္ဘာတစ်ဝန်းမှလက်ခံထားသည်။[၁၅၈] ထိုသို့ဖြင့်တရားမဝင်ဖျက်ဆီးမှုနှင့်ပြည်သူများ၏အသက်ကိုခြိမ်းခြောက်မှုစသည်ကိုမြင်တွေ့ပါကရဲများမှကြားဝင်ဖျန်ဖြေဆောင်ရွက်ရန်တာဝန်ရှိသည်။ မြန်မာနိုင်ငံအခြေအနေအရ ရဲတပ်နှင့်စစ်တပ်သည်ကျွမ်းကျင်မှုမရှိခြင်းသို့မဟုတ်တွန့်ဆုတ်နေခြင်းင့်ငံတို့မှပြည်သူများအားအကာအကွယ်မပေးနိုင်မှုအပေါ်ဖြေရှင်းချက်မပေးနိုင်ပေ။ မြန်မာနိုင်ငံ၏သမိုင်းတစ်လျှောက်တွင်အထူးတစ်ဖြင့် ၁၉၈၈ နှင့်၂၀၀၇ခုနှစ်ဒီမိုကရေစီအရေးလုပ်ရှားသူများဆန္ဒပြမှုများတွင်ရဲနှင့်စစ်တပ်မှဆန္ဒပြနေသောပြည်သူများကိုရက်စက်စွာချေဖျက်ခဲ့သည်။ လွန်ခဲ့သောနှစ်တွင်အစိုးရတပ်မှလက်ပတောင်း၊ မန္တလေး၊ရန်ကုန်၊လားရှိုးနှင့်ရွှေဘိုတွင်ငြိမ်းချမ်းစွာဆန္ဒထုတ်ဖေါ်နေသောပြည်သူများအားဖမ်းဆီးအရေးယူခဲ့သည်။[၁၅၉] ရဲတပ်မှနိုင်ငံတော်ကိုခြိမ်းခြောက်မှုရှိသောဆန္ဒပြမှုများကိုသာဆောင်ရွက်မှုရှိရုံသာမကပြည်သူများကိုကာကွယ်ပေးနိုင်သောအဖွဲ့အစည်းအဖြစ်လုပ်ဆောင်ရန်လိုအပ်သည်။

ရဲတပ်မှနိုင်ငံတော်ကိုခြိမ်းခြောက်မှုရှိသောဆန္ဒပြမှုများကိုသာဆောင်ရွက်မှုရှိရုံသာမကပြည်သူများကိုကာကွယ်ပေးနိုင်သောအဖွဲ့အည်းအဖြစ်လုပ်ဆောင်ရန်လိုအပ်သည်။

March 28, 2013

President Thein Sein warns potential instigators of violence that he has the ability and resolve to use force to protect citizens.

March 29, 2013

A mob of around 50 men attacks a Muslim neighborhood in the Gyobingauk Township of Bago Division, causing hundreds of Muslims to flee.

April 2, 2013

In Rangoon, 13 boys die in a fire at a madrassa. Burmese officials say that the fire was an accident, but people close to the school claim that foul play was involved.

မြန်မာအာဏာရှင်များမှ ရခိုင်ပြည်နယ်တွင်ရှိပြည်သူများအပေါ် ရမ်းတမ်းကွပ်မျက်မှုနှင့် ပစ်ခတ်မှု[၁၆၀]

ရခိုင်ပြည်ရှိရဲများမှအကြမ်းဖက်မှုဖြစ်ရပ်အတွင်းရှိဟင်ဂျာများအပေါ် ကာကွယ်ပေးမှုပျက်ကွက်ခဲ့သည်။ ရှိဟင်ဂျာများမှငှင်းတို့၏ ပိုင်ဆိုင်မှုများကိုလက်နက်ကိုင်သောင်းကျန်သောရခိုင်များမှကာကွယ်နေစဉ်ရဲမှသေစေသောလက်နက်များနှင့်ပစ်ခတ်တားဆီးခဲ့သည်။ PHR မှစုံစမ်းမေးမြန်းခဲ့သောဖြစ်ရပ်များတွင်ရှိဟင်ဂျာများမှတစ်ခါတစ်ရံငှင်းတို့၏ပိုင်ဆိုင်မှုများကိုဓါးများ၊တုတ်များသို့မဟုတ်အခြားကြံ့ရောလက်နက်များဖြင့်ခုခံကာကွယ်ခဲ့သည်။ ရှိဟင်ဂျာများလက်နက်အသုံးပြုခဲ့သည့်တိုင် အောင်ရဲတပ်၏တုန့်ပြန်မှုသည်အလွန်မှလွန်ကဲခဲ့ပြီးအချို့သောဖြစ်ရပ်များတွင်ရမ်းတမ်းကွပ်မျက်မှုပုံစံမြောက်သည်။

ဇွန်လ ၂၀၁၂ ရခိုင်ပြည်နယ်၊ PHR ကွင်းဆင်းအစီရင်ခံစာ

"မီးမလောင်မှု မဖြစ်မီ၊စစ်တပ်ရင်း၅၄ ၂မှရှိဟင်ဂျာတွေရဲ့ အိမ်ခေါင်မိုးများကိုမီးရှို့ ခဲ့တယ်။ ရခိုင်များမှ ဓာတ်ဆီပုံးများနဲ့အိမ်တွေကိုမီရှိခဲ့တယ်"[၁၆၁] _အမျိုးသားလယ်သမား၊ကျောက်ဖြူ

လူလတ်ပိုင်းအရွယ်ရှိဖခင်တစ်ဦးမှသူ့ရပ်ကွက်တွင်ရခိုင်များမှရှိဟင်ဂျာအိမ်များကိုမီးရှို့နေချိန်တွင်ရဲများမှရပ်ကြည့်နေခဲ့သည် ဟု PHRသို့ပြောပြခဲ့သည်။ [၁၆၂]ဇွန်လ၁၁ရက်နယ်ခံရရိုင်များမှရှိဟင်ဂျာအိမ်များအားမီးရှို့ခဲ့ပြီးရဲများသည်မီးလောင်ပြင်မှထွက်ပြေးသောရှိဟင်ဂျာများကိုပစ်ခတ်ခဲကြောင်း ယင်းမှသက်သေခံခဲ့သည်။ [၁၆၃] ဒုက္ခသည်စခန်းသွားရာလမ်းတွင် ရဲအရာရှိများမှ ၂၂နှစ်ရှိယောကျ်ားလေးအား အတင်းအဓမလမ်းပေါ်တွင်မျက်နှာပလက်လှန်လဲစေပြီး ရဲမှထိုကောင်လေးကိုရိုင်ဖယ်သေနတ်ဖြင့်ရင်ဘတ်ကိုပစ်ခတ်ခဲကြောင်းယင်းမျက်မြင်သက်သေမှ PHR သို့ပြောပြခဲ့သည်။ [၁၆၄] ယင်းမျက်မြင်သက်သေမှငှင်းဖြစ်ရပ်သည်သူရှိနေသောနေရာမှ ဝါးလုံးသုံးလံအကွာ (ခပ်မှန်းခြေအရ ပေ ၁၀၀) တွင်ဖြစ်ပွားခဲ့ ကြောင်းနှင့် ငှင်းအဖြစ်အပျက်ဖြစ်ပွာပြီးနောက်သူသည်သူ့မိသားစုနှင့်အခြားနေရာသို့ထွက်ပြေးသိမ်းရှောင်ခဲ့ကြောင်းပြောပြခဲ့သည်။[၁၆၅]

ဖြစ်ရပ်အချို့များတွင်အရာရှိများမှရှိဟင်ဂျာများ၏အိမ်ကိုမီးရှို့သောရခိုင်သားများအပေါ်အကာအကွယ်ပေးခဲ့ကြောင်းကို မျက်မြင်သက်သေများမှ PHRသို့ပြောပြခဲ့သည်။ရှိဟင်ဂျာများမှသူတို့ ၏ပိုင်ဆိုင်မှုများကိုကာကွယ်ရန်ကြိုးစားသော်လည်းသေနတ်ပစ်ခတ်မှုကြောင့်လည်ပြန်ခဲ့ရသည်။ မျက်မြင်သက်သေတစ်ဦးမှ"ရခိုင်သားများမှဓာတ်ဆီပုလင်းများကိုခေါင်မိုးပေါ်သို့ပစ်တင်နေတာတွေ့တယ်။ ရှိဟင်ဂျာတွေကပြန်တိုက်ခိုက်တယ်။ နောက်တော့ရဲကနေစပြီရှိဟင်ဂျာတွေကိုပစ်ခတ်တော့တယ်။အချို့ကခြေထောက်မှထိမှန်ပြီးအချို့ကကိုယ်မှာထိမှန်ခဲ့တယ်" [၁၆၆] ဟု PHR သို့ပြောပြခဲ့သည်။

မျက်မြင်သက်သေအခြားတစ်ယောက်မှ"ရခိုင်တွေကဗလီနှင့်မွတ်စလင်ကျောင်းကိုချီတက်လာခဲ့ကြတယ်။ကျွန်တော်တို့ရွာသားတွေကတိုက်ခိုက်ပြီးရပ်ဖို့ကြိုးစားတယ်ဒါပေမဲ့ရဲကနေပြီးကျွန်တော်တို့ကိုပစ်ခတ်ခဲ့တယ်။ရှိဟင်ဂျာလေးယောက်အသတ်ခံခဲ့ရတယ်၊ကျွန်တော်လေးယောက်လုံးအသတ်ခံရတာကိုမြင်ခဲ့တယ်" [၁၆၇] ဟုပြောပြခဲ့သည်။

"ရခိုင်တွေကကျွန်တော်တို့အိမ်ကိုစပြီးမီးရှို့တော့ ကျွန်တော်တို့ လည်းကိုယ်ကိုကိုယ်ကာကွယ်ချင်တယ်။ သူတို့ကိုရပ်တန့်ဖို့အတွက်ကျွန်တော်တို့ တုတ်တွေ၊ဓါးတွေနဲ့ တိုက်ခိုက်ခဲ့တယ်။ နောက်တော့လုံထိန်း(ရဲကွန်မန်တို)တွေကနေပြီးလူတွေကိုစပစ်ခတ်ခဲ့တယ်"[၁၆၈] ဒုက္ခသည် အမျိုးသား၊ စစ်တွေ ဒုက္ခသည်စခန်း

"ရဲကွန်မန်တိုအယောက် ၅၀ အရင်ချီတက်လာတာကိုကျွန်မတွေ့တယ်သူတို့ကရှိဟင်ဂျာတွေကိုချိန်ပြီးပစ်တယ်။၁၀လောက်အသတ်ခံခဲ့ရတာကိုကျွန်မမြင်တယ်တစ်ချိန်တည်းမှာပဲရခိုင်တွေကနေစပြီးမြို့ ကိုမီးရှို့တော့တယ်။ နောက်မှကျွန်မတို့ အလောင်းတွေကိုပြန်ထုတ်ခဲ့တယ်"[၁၆၉] ဒုက္ခသည် အမျိုးသမီး၊ စစ်တွေ ဒုက္ခသည်စခန်း

April 5, 2013

A plan to resettle Rohingya IDPs in Kyauk Phyu Township is scrapped after local Rakhines oppose allowing Rohingyas to be resettled near them.

April 10, 2013

Dozens of people are arrested throughout Bago Division in connection with the anti-Muslim riots in March 2013.

April 11, 2013

A Muslim gold-shop owner, his wife, and an employee are sentenced to 14 years in prison for assault and theft during an altercation that sparked anti-Muslim violence in Meiktila.

မြန်မာနိုင်ငံတွင်းရှိအခြားအရပ်မှအစီရင်ခံစာများ

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သောဖြစ်ရပ်အများစုတွင်မူဆလင်များအပေါ်မြန်မာအာဏာပိုင်များမှတိုက်ရိုက်ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သည်။ ရဲတပ်မှမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုကာကွယ်ရေးနှင့်ပြစ်မှုကျူးလွန်သူများအားဖမ်းဆီးအရေးယူမှုများအပေါ်ပျက်ကွက်ခဲ့ပြီး၊အခြားအရပ်များတွင်ရဲတပ်မှတိုက်ခိုက်မှုများကိုပိုမိုအားပေးထောက်ပံ့မှုအပိုင်းတွင်ပါဝင်နေခဲ့သည်။ရခိုင်ပြည်နယ်မှအပအခြားဒေသတွင်ဖြစ်ပွားခဲ့သော ရဲနှင့်စစ်တပ်မှပြည်သူများအားပစ်ခတ်ဖြစ်ပွားမှု ဖြစ်ရပ်များအပေါ် PHR မှ အတည်မပြုနိုင်ပေ။

ရခိုင်ပြည်နယ်အပြင်ဘက်တွင်ရဲမှပြည်သူများကိုပစ်ခတ်ခဲ့ခြင်းဖေါ်ပြခဲ့သောအမှုတစ်ခုမှာမွန္တလေးတိုင်းရှိ ပြေမြို့နယ်တွင်ဖြစ်ပြီး မတ်လ ၂၇ရက်၊ ၂၀၁၃တွင်မိတ္ထီလာအကြမ်းဖက်မှုအဓိကရုဏ်းများစတင်လာချိန်အတောအတွင်းရော်ဘာကျဉ်ဆံများဖြင့်ပြည်သူများပစ်ခတ်ခံရမှုကြောင့်ထိခိုက်ဒဏ်ရာရပြီးဆေးရုံတင်ခဲ့ရသည်။[၁၇၀]

တရားဝင်စိစစ်ချက်

အရာရှိများဥပဒေကိုတင်းကျပ်လိုက်နာရန်UN၏ကျင့်ဝတ်စည်းကမ်းတွင်ရဲများမှ"မလွဲမရှောင်အလွန်လိုအပ်မှသာနှင့်တာဝန်အရမဖြစ်မနေထမ်းဆောင်ဖို့ရန်လိုအပ်ခဲ့သောအခြေအနေအတွင်းမှအပသေစေသောလက်နက်အင်အားအသုံးပြုမှုကိုတားမြစ်ကန့်သက်ထားသည်။"[၁၇၁] အင်အားအသုံးပြုမှုဆိုင်ရာ UN အခြေခံမူဝါဒများတွင်ဥပဒေကိုတင်းကျပ်လိုက်နာသောအရာရှိများမှ "အသက်သို့မဟုတ်ပြင်းထန်သောထိခိုက်ဒဏ်ရာရနိုင်ဖွယ်ခြိမ်းခြောက်ခံရမှု"အခြေအနေမှသာသေနတ်ကိုအသုံးပြုရန်နှင့်အကယ်၍အခြားမပြင်းထန်သောလက်နက်ရှိပါကသေစေသော လက်နက်ကိုအသုံးမပြုရန်ပြဋ္ဌာန်းထားသည်။ [၁၇၂]

အတင်းအဓမ ရွှေ့ပြောင်းခံရမှု[၁၇၃]

အတင်းအဓမရွှေ့ပြောင်းခံရမှုသည်လူအဖွဲ့အစည်းတစ်ခုလုံးအပေါ်အကြီးအကျယ်ဖျက်ဆီးဆုံးရှုံးမှုရှိသည်။ ရွှေပြောင်းခံရပါကယေဘုယ်အားဖြင့် စာဝတ်နေရေးခက်ခဲမှုမိသားစုဆုံးရှုံးမှုနှင့်တစ်ဦးနှင့်တစ်ဦဆက်ဆံမှုပျောက်ဆုံးခြင်း၊အခြေခံလိုအပ်ချက်များဖြစ်သောကျန်းမာရေး၊ပညာရေးအခွင့်အလမ်းများမတက်နိုင်ခြင်းနှင့်အနာဂတ်တွင်ပိုမိုအားနည်းပြီးလူ့အခွင့်အရေးချိုးဖောက်ခံရဖို့အလားအလာရှိသည်။[၁၇၄]

ဖွန်လန်နှင့်အောက်တိုဘာလ ၂၀၁၂ ရခိုင်ပြည်နယ်၊ PHR မှကွင်းဆင်းအစီရင်ခံစာ

စစ်တွေမြို့အကြမ်းဖက်မှုလှိုင်းအစတွင်မွတ်စလင်များတိုက်ခိုက်မှုကြောင့်မွတ်စလင်အများဆုံးနေထိုင်သောအောင်မင်္ဂလာရပ်ကွက်တွင်ပြေးရှောင်စုစည်းနေခဲ့ကြသည်။ ရက်အနည်းငယ်အကြာတွင် ၄င်းရပ်ကွက်၏လူဦးရေသည်ပုံမှန်ထက်အဆဆမတန်ကြီးထွားလာခဲ့သည်။နယ်ခံစစ်တပ်အရာရှိများမှရပ်ကွက်သို့ ရောက်လာပြီးဒုက္ခသည်များကိုပြောင်းရွှေနေရာချမည်ဟုပြောဆိုခဲ့သည်။မျက်မြင်သက်သေထွက်ဆိုချက်အရကုန်တင်ကားခြေက်စီး၊ခုနှစ်စီးမျှဖြင့်ဒုက္ခသည်များကိုမြို့စွန်သို့ပို့ခဲ့သည်။ ထိုနေရာသို့ပြောင်းရွှေခြင်းသည်သူ့တို့အသက်အန္တရာယ်စိုးရိမ်ရခြင်းနှင့်စစ်တွေမြို့မှထွက်ခွာလိုသောဆန္ဒများကြောင့်ပြောင်းရွှေခဲ့ခြင်းဖြစ်သည်ဟုမျက်မြင်သက်သေများမှပြောပြခဲ့သည်။လေး၊ငါးရာမျှရှိသောလူများသည်အောင်မင်္ဂလာရပ်ကွက်မှမြို့စွန်သို့လမ်းလျှောက်သွားပြီ၊လမ်းတစ်လျှောက်တွင်ရဲများအကာအကွယ်ပေးနေသည့်ကြားမှရခိုင်ပြည်သူများနှင့်ဘုန်းကြီးများမှသူတို့ကိုတိုက်ခိုက်ခဲ့ကြောင်းမျက်မြင်သက်သေများမှပြောပြခဲ့သည်။

ဖွန်လ၂၀၁၂တွင်ဖြစ်ပွားခဲ့သောအကြမ်းဖက်မှုတွင်ယင်းတို့အိမ်မှထွက်ပြေးလွတ်မြောက်ခဲ့ပြီ၄င်းတို့ကိုကာကွယ်ခဲ့သောမြန်မာ့စစ်သားများအားအလွန်ကျေးဇူးတင်သောမွတ်စလင်များနှင့် PHR မှ မေးမြန်းမှုကိုပြုလုပ်ခဲ့သည်။[၁၇၅]

အောင်မင်္ဂလာတွင်ကျန်ရှိနေချင်သူများမှအပအခြားမွတ်စလင်များအစုလိုက်ကိုစစ်တွေမှထွက်ခွာမှုအားလွယ်ကူချောမွေအောင်စစ်တပ်မှအစစအရာရာဆောင်ရွက်ခဲ့သည်။[၁၇၆] စစ်တွေမြို့ရှိမွတ်စလင်ရပ်ကွက်များတွင်အောင်မင်္ဂလာရပ်ကွက်တစ်ခုသာမီးဘေးရန်ဘေးမှကင်းခဲ့သည်။ ရပ်ကွက်တစ်ခုလုံးကိုစစ်တပ်မှဝန်းရံခဲ့ပြီးပြည်သူများမှလာဘ်ထိုးမှုမရှိပဲဝင်၊ထွက်ခွင့်မရှိပိတ်ပင်ထားသည်။အပြင်ပန်းအားဖြင့်မွတ်စလင်များ၏လုံခြုံမှုအတွက်သူတို့ကိုမြို့ပြင်သို့ပို့ခဲ့သော်လည်းအမှန်တစ်ကယ်တွင်မွတ်စလင်များအားမြို့ပြင်ရှိဒုက္ခသည်စခန်း၊တစ်နေရာတည်းတွင်စုစည်းထားလိုက်ခြင်းဖြစ်သည်။

စစ်တွေအကြမ်းဖက်မှုစတင်ဖြစ်ပွားပြီးငါးရက်မြောက်တွင်ရဲမှရှိဟင်ဂျာမိသာစုအားလုံးကိုပေါက်တောရွာမှ"မောင်းထုတ်" ပြီးသူတို့ကိုကမ်းစပ်အရောက်တွန်းပို့ခဲ့သည်ဟုရှိဟင်ဂျာအမျိုးသမီးတစ်ဦးမှ PHR သို့ပြောပြခဲ့သည်။[၁၇၇]

April 18, 2013

A Burmese government spokesperson rejects calls for an international investigation into the anti-Muslim violence, saying the violence is Burma's "internal affairs."

April 29, 2013

The Rakhine State Conflicts Investigation Commission calls for more security forces in Rakhine, segregation between Muslims and Buddhists, and limiting the population growth of Rohingyas.

April 30, 2013

Anti-Muslim mobs destroy several businesses, homes, and a mosque in Oakkan and surrounding villages. At least one person is killed.

မြန်မာအာဏာပိုင်များမှခွဲခြားမှုကိုအားပေးမှုနှင့် မွတ်စလင်များ၏အခြေခံလိုအပ်ချက်များဖြည့် ဆည်းမှုကိုတာဆီးမှု[၁၇၉]

ဖွန်လနှင့်အောက်တိုဘာလ ၂၀၁၂ ခုနှစ်၊ ရခိုင်ပြည်နယ်၊[၁၇၉] PHR မှကွင်းဆင်းအစီရင်ခံစာ

PHRသူတေသနပြုလုပ်သူများမှအစိုရမှလွတ်လပ်စွာစုဝေးပိုင်ခွင့်အပေါ်ကန့်သက်ချုပ်ချယ်မှုအ ထောက်အထားအချို့ကို မှတ်တမ်းတင်ခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားနေစဉ်၊ကျောက်ဖြူအကြမ်းဖက် မှုဖြစ်ရပ်ကြောင့်လေ့များဖြင့်စစ်တွေဒုက္ခသည်စ ခန်းသို့ ခိုလှုံ့ရန်လာသောရိုဟင်ဂျာများအား အာဏာပိုင်များမှငြင်းပယ်မှုကြောင့်လှည့်ပြန်ခဲ့ရ သည်။ န.စ.က နယ်စပ်စောင့်စစ်တပ်များမှစစ်တွေ ကမ်းခြေသို့ဆိုက်ရန်ကြိုးစားသောဒုက္ခသည်များ၏ ငါးဖမ်းလေ့များကိုပစ်ခတ်ရပ်တန့်,ရိုက်နက်ပြီးပြန် လည်ထွက်ခွာခိုင်းခဲ့သည်။[၁၈၀]

"ကျွန်တော်တို့ စစ်တွေဒုက္ခသည်စခန်းကိုဆိုက်ပြီ နောက်၊စစ်တပ်ကနေခေါ်ခဲ့တယ်၊သူတို့ကနေပြီး တော့ 'ရသေ့တောင်ကိုသွား ဒီမှာဆိုက်လို့မရဘူး' လို့ပြောတယ်။ကျွန်တော်တို့အဲဒီကိုမသွားချင်ဘူး လို့ပြောတော့ 'မင်းတို့ဘယ်သွားသင့်တယ်ဆိုတာ ကိုရခိုင်ပြည်နယ်ဝန်ကြီးကိုသွားပြော' ဆိုပြီးသူတို့ ကပြောတယ်။'ကျွန်တော်တို့ကကမာမွတ်စလင် တွေပါ၊နိုင်ငံသားမှတ်ပုံတင်ရှိတယ်၊ကျွန်တော်တို့ ကိုကျောက်ဖြူကိုပြန်ပို့ပေးပါ'လို့ပြောပေမဲ့ဝန်ကြီး ကနေပြီးတော့မဖြစ်နိုင်ကြောင်းပြောတယ်။ ကျွန် တော်တို့ကိုခက်ခဲတဲ့နေရာကိုနှိမ်ပြီးပို့ချင်ကြတယ်။ သူတို့ကနေပြီးတော့အဲဒီနေရာမှာကျွန်တော်တို့ ကိုရခိုင်တွေရဲ့ တိုက်ခိုက်တာကိုပြန်ခံရပါစေဆိုပြီး ပို့တာ၊အဲဒီဒေသတွေကလုံခြုံမှုမရှိဘူး"[၁၈၁] ဒုက္ခ သည်အမျိုးသားတစ်ဦး၊စစ်တွေဒုက္ခသည်စခန်း

ရိုဟင်ဂျာများအဖို့စခန်းအပြင်ဘက်တွင်လုံခြုံမှုမရှိ ရုံသာမကအရပ်သားများ၏တိုက်ခိုက်ခံရမည်ကိုစိုး ရိမ်နေကြရသည်။ အစိုးရ အာဏာပိုင်များမှ ရိုဟင်ဂျာများအားစခန်းတွင်အတင်းအဓမနေထိုင် ရန်မတိုက်တွင်းပေ၊ အကယ်၍ရိုဟင်ဂျာများမှစ ခန်းမှထွက်ခွါသွားပါကသူတို့ကိုကာကွယ်ပေးမှုမရှိ သောကြောင့်ထိုစခန်းတွင်ဆက်လက်နေထိုင်နေ ရသည်။မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာကုလ သမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ Tomas Ojea Quintana မှ ဖေဖေါ်ရီလ ၂၀၁၃ခုနှစ်တွင် ဒုက္ခသည်စခန်းများသို့သွားရောက် လေ့လာခဲ့ပြီး၊ မြေပုံဒုက္ခသည်စခန်းတွင်"ဒုက္ခသည်စခန်းက ထောင်လိုပိုခံစားရတယ်" ဟုပြောဆိုခဲ့သည်။[၁၈၂]

"နဲ.စ.ကမှကျွန်တော်တို့ကိုသွားခွင့်(တစ်ဖက်နိုင်ငံ ကိုလှေဖြင့်) ပေးပြီးပြန်လာခွင့်မပေးဘူး"[၁၈၃] ရက်ကွက်လူကြီး၊ စစ်တွေဒုက္ခသည်စခန်း

ရိုဟင်ဂျာများမှစခန်းအပြင်ရှိစစ်တွေစျေးသို့သွား ပြီအစားအသောက်ဝယ်ဖို့အခွင့်မရှိခြင်းကြောင့်၊ ကုမ္ပဏီစားနပ်ရိက္ခာအဖွဲ့ (WFP)မှရက္ခာမရသော သူများမှရရိုင်သားကုန်တင်ကားမောင်းသူများကို စျေးဝယ်ပြီးစခန်းသို့ပို့ပေးရန်အတွက်မှီခိုနေရ သည်။ ကုန်တင်ကားမောင်းသူများမှ စျေးတွင် ဘုန်းကြီးများမှသူတို့ကိုပိုင်းသရော်ပြီးရခိုင်လူ အုပ်မှုရိုက်နက်ခြင်းကိုခံခဲ့ရသည့်တိုင်အောင် ရဲမှ ကာကွယ်ပေးမှုကို မရရှိခဲ့ကြောင်း PHR သို့ ပြောပြခဲ့သည်။[၁၈၄]

"အကယ်၍ရိုဟင်ဂျာတွေမြို့သွားရင်ရခိုင်သား တွေကသတ်မှာ။အစိုးရကနေအကာအကွယ်ပေး တာတွေဘာမှမရှိဘူး။ကျွန်တော်တို့စျေး၊ ဆေးရုံ တွေကိုသွားလို့ မရဘူး"[၁၈၅] ရပ်ကွက်လူကြီး၊စစ်တွေဒုက္ခသည်စခန်း

မြန်မာ့ရဲနှင့်စစ်တပ်မှ ၂၀၁၂ခုနှစ်အကြမ်းဖက်တိုက် ခိုက်မှုတွင်ရိုဟင်ဂျာများအပေါ်ကာကွယ်ပေးမှုပျက် ကွက်သည့်အပြင်ယခုထိတိုင်ကာကွယ်ပေးနိုင်မှုမရှိ ပေ။စစ်တွေအနီးဒေသရှိရိုဟင်ဂျာများသည်စခန်း ပြင်ပသို့လွတ်လပ်စွာသွားလာခွင့်မရှိ။ PHRမှမေး မြန်းစုံစမ်းမေးမြန်းမှုပြုလုပ်ရာတွင်စစ်တွေမှဒုက္ခ သည်အများစုသည်အကယ်၍အစိုရမှသူတို့၏လုံခြုံ မှုကိုအာမခံပေးနိုင်ပါကအိမ်ပြန်လိုကြောင်းနှင့်သို့ သော်လည်းယခုအချိန်တွင်မဖြစ်နိုင်သေးကြောင်း ပြောဆိုခဲ့သည်။[၁၈၆] ဒုက္ခသည်အမျိုးသမီးတစ်ဦးမှ "အကယ်၍အစိုးရကနေကျွန်မကိုလုံခြုံမှုနှင့်ကာ ကွယ်မှုပေးနိုင်ရင် ၁၀၀ ရာခိုင်နှုန်းကျွန်မစစ်တွေ အိမ်ကိုပြန်ချင်တယ်။ ဒါကျွန်မအိမ်ပဲ"[၁၈၇]

"ကျွန်တော်ရခိုင်သားတွေနဲ့အရင်လိုပြဿနာမျိုး ချမ်းနေချင်တယ်"[၁၈၈] ဒုက္ခသည်အမျိုးသား၊ စစ်တွေဒုက္ခသည်စခန်း

" ၁၉၈၂ (မြန်မာနိုင်ငံနိုင်ငံသားဆိုင်ရာဥပဒေ)က ကျွန်တော်တို့အတွက်မဟုတ်ဘူး။ ကျွန်တော်တို့ အခွင့်အရေးလိုအပ်တယ်။ ဒါကျွန်တော်တို့နိုင်ငံပဲ၊ ကျွန်တော်တို့မဲဆန္ဒထည့်တယ်၊ နောက်ပြီးကျွန် တော်တို့လည်းရွေးကောက်ခံရတယ်၊သူတို့ကနေပြီး တော့နိုင်ငံသားအနေနဲ့လက်မခံချင်ကြဘူး၊ဘာ ကြောင့်လည်းဆိုတော့ကျွန်တော်တို့ကမွတ်စလင် ဖြစ်နေလို့ပဲ"[၁၈၉] ဒုက္ခသည်အမျိုးသာတစ်ဦး၊ စစ်တွေဒုက္ခသည်စခန်း

May 1, 2013

A mob of about 100 Buddhists armed with sticks reportedly threatens to burn the Muslim village of Win Kite and kill its residents, but is pushed back to a nearby Buddhist village by police.

May 2, 2013

The U.S. Commission on International Religious Freedoms lists Burma as one of the worst offenders in denying religious freedom.

May 4, 2013

A crowd of 30 people destroys a Muslim-owned shop in Hpakant Township in Kachin State. Two Buddhists are arrested at the scene.

PHR မှ စစ်တွေအနီးရှိဒုက္ခသည်စခန်းမှရပ်ကွက်လူကြီးသုံးဖွဲ့နှင့်မိတ္ထီလာမြို့ရှိဒုက္ခသည်များအတွက်အထောက်အပံ့ဆိုင်ရာစုစည်ဆောင်ရွက်သောရပ်ကွက်ခေါင်းဆောင်များနှင့်လည်းတွေ့ဆုံမေးမြန်းမှုကိုပြုလုပ်ခဲ့သည်။စစ်တွေဒုက္ခသည်စခန်းတွင်ခေါင်းဆောင်များမှစားနပ်ရိက္ခာအကန့်အသတ်ရှိမှုနှင့်အဆောက်အအုံမလောက်ငမှုအပေါ်တိုင်တန်းခဲ့သည်။[၁၉၀] စစ်တွေအနီးရှိဒုက္ခသည်စခန်းမှ WFP တွင်စာရင်းတွင်းပြီးသောသူများသည် ပုံမှန်ဆန်၊ဆီ၊ဆားရရှိပြီးစာရင်းမတွင်းရသေးသောသူများသည်ရန်ကုန်မှပုဂ္ဂလိကအစားအသောက်ကူညီထောက်ပံ့သူများမှရရှိသည်။ စာရင်းမတွင်းရသေးသောသူများမှစားနပ်ရိက္ခာတွေကပုံမှန်မရှိဘူး၊နောက်ပြီသူတို့မှအစားအသောက်ပျက်သွားမှာကိုအမြဲလိုလိုစိုးရိမ်နေရကြောင်းပြောပြခဲ့သည်။[၁၉၁] PHR မှ ရခိုင်ပြည်နယ်တစ်ခုလုံရှိစခန်းများအားလုံးကိုသွားရောက်နိုင်ခြင်းမရှိပေ။ရန်ကုန်ရှိအချို့ပုဂ္ဂလိကကူညီသူများမှအစိုးရကသူတို့၏လုံခြုံမှုကိုတာဝန်မယူပေးနိုင်ခြင်းကြောင့်ယင်းတို့မှပုံမှန်သွားရောက်နိုင်ခြင်းမရှိဟု PHR သို့ပြောပြခဲ့သည်။[၁၉၂]

ဒုက္ခသည်များသည် UNHCR မှထောက်ပံ့သောတဲအိမ်များတွင်နေထိုင်ပြီး၀ါးအိမ်များနှင့်သက်ကယ်မိုးအိမ်များသည်မတ်တတ်ရပ်ရန်အဆင်မပြေပေ။ဒုက္ခသည်စခန်းများသည်အရင်ကရှိခဲ့ပြီးသောရွာများနှင့်ရောယှက်နေပြီး အားလုံးပေါင်းလေးထောင့်ကွက်ကိုးမိုင်မျှရှိသည်။ ၄င်းနေရာသည်အလွန်ပြန့်သောမြေပြန်လွင်ပြင်၊ပင်လယ်ကမ်းခြေပေါ်တွင်ရှိသည်။နေရာတော်တော်များများတွင်တွင်းအိမ်သာများသည်နေအိမ်များနှင့်အနည်းငယ်မျှသာဝေသောနေရာတွင်ရှိသည်။

စာရင်းမတွင်းရသေးသောအိမ်ခြေ ၆၇ အိမ်မှရပ်ကွက်ခေါင်းဆောင်များမှသူတို့တွင်ရေစုပ်စက်လေးခုမှ နှစ်ခုသာအသုံးပြုနိုင်ပြီး၊ တွင်းအိမ်သာစုစုပေါင်း ၁၀ ခုသာရှိသည်။ ကလေးအများပိုင်းမှ ဝမ်းလျှောရောဂါနှင့်ငှက်ဖျားရောဂါရှိကြောင်းပြောပြခဲ့သည်။[၁၉၃]

ရခိုင်ဒုက္ခသည်များနေထိုင်သောစစ်တွေရှိစခန်းများသို့မသွားရောက်နိုင်ခဲ့သော်လည်းအနီးအနားမှလေ့လာမှုပြုခဲ့သည်။၄င်းစခန်းများသည်စစ်တွေမြို့နှင့်ပိုမိုနီးသောနေရာတွင်ရှိပြီးအိမ်များကိုဝါးများနှင့်သံအမိုးဖြင့်မိုးကာပြုလုပ်ထားသည်။အိမ်များတွင်လျှပ်စစ်မီးကြိုးများနှင့်လမ်းမီးများသွယ်ထားသည်ကိုPHRသုသေသနပြုသူများမှတွေ့မြင်ခဲ့သည်။ ထို့ပြင်စစ်တွေမြို့စွန်တွင်အိမ်များဆောက်လုပ်နေသည်ကိုလည်းတွေ့ရှိခဲ့ပြီ၄င်းအိမ်များသည်အိုးအိမ်းစွန့်ခွာခဲ့ရသောရခိုင်သားများအတွက်ဖြစ်ကြောင်းအရပ်သားများမှပြောပြခဲ့သည်။ အစိုးရမှရှိဟင်ဂျာများသို့မဟုတ်မွတ်စလင်များကိုဒုက္ခသည်စခန်းအပြင်တွင်နေရာချထားရန် အစီအစဉ်မရှိပေ။[၁၉၄]

မွန္တလေးမှမွတ်စလင်ခေါင်းဆောင်များမှမွတ်စလင်ဒုက္ခသည်များနှင့်ဗုဒ္ဓဘာသာဝင်ဒုက္ခသည်များအားကူညီရန်အတွက်အလှူငွေများကောက်ခံသည်။သူတို့အားမိတ္ထီလာမှထွက်ပြေးလာသောမွတ်စလင်များအတွက်အိမ်ခြေ ၁,၁၀၀ ဆောက်လုပ်ရန်အစိုးရမှပြောခဲ့ပြီးအဆောက်အဦးဆောက်လုပ်ရန်အတွက်အစိုးရဟောင်းလက်ထက်တွင်ခရိုနီအဖြစ်အသိများသောကနဦးရှိက်တာတစ်ဦးကိုအသုံးပြုရန်အစိုးရမှတောင်းဆိုခဲ့ကြောင်းPHRသို့ပြောပြခဲ့သည်။ယင်းခေါင်းဆောင်များသည်မိတ္ထီလာမှမွတ်စလင်ဒုက္ခသည်၉,၀၀၀ ခန့်အားရက်ပေါင်း ၃၀အတွင်းပြန်လည်နေရာချထားပေးခဲ့သည်။[၁၉၅]

May 7, 2013

The Dalai Lama denounces attacks on Muslims by Buddhist monks in Burma, saying that killing in the name of religion is “unthinkable.”

May 21 , 2013

Seven Muslims are convicted for crimes related to the violence in Meiktila in March and receive sentences ranging between 2 and 28 years in prison.

May 23 , 2013

Seven Rohingya are charged with criminal offenses after they are arrested for refusing to register as “Bengali” with the government.

ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်ခပ်မှန်းခြေ ဂ၁,၀၀၀ အတွက်ယာယီစခန်းများဆောက်လုပ်နေချိန်တွင် (ဒုက္ခသည် ၁၄၀,၀၀၀မှ တစ်ဝက်ကျော်မျှ)[၁၉၆] ဒုက္ခသည် ၆၉,၀၀၀ မျှ "ရေလွှမ်းမိုးတက်သောနေရာများ"သို့မဟုတ်မိုးရာသီတွင်ပြိုလဲနိုင်သောယာယီအိမ်များတွင် နေထိုင်နေကြောင်း UNHCR မှ ခပ်မှန်းပြောဆိုခဲ့သည်။[၁၉၇] ရခိုင်ပြည်နယ်အစိုးရမှ ဗဟိုအစိုရအကူအညီဖြင့်လူပေါင်း ၄၅,၀၀၀ အတွက်အဆောက်အဦများကိုတည်ဆောက်နေပြီးတစ်ချိန်တည်းမှာပြင် UNHCR မှလည်း လူ ၂၅,၀၀၀ အတွက် အဆောက်အဦးများကိုတည်ဆောက်နေသည်။[၁၉၈]သို့သော်လည်းအဆောက်အဦးများသည် လယ်ကွက်တွင်ဆောက်လုပ်ထားပြီးမြန်မာအစိုးရမှဒုက္ခသည်များအတွက်ကိုက်ညီသောအခြားမြေနေရာမတွေ့မရှာနိုင်ကြောင်းအစီရင်ခံပြောဆိုခဲ့သည်။[၁၉၉] နယ်စည်းမခြားဆရာဝန်များအဖွဲ့ (Doctors Without Borders) အဆိုအရ ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်စခန်များတွင် ရေ၊ သောက်ရေသန့်၊တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်ရေးအခြေအနေများသည် နိုင်ငံတကာစံချိန်ထက် "အလွန်နိမ့်ကျ" မှုရှိသည်။[၂၀၀]

UNOCHA မှ သတင်းထုတ်ပြန်ကြေငြာချက်တွင် ရခိုင်ပြည်နယ်ရှိဒုက္ခသည်များ၏အခြေအနေကိုမြင့်တင်ဖို့ရန်အတွက်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလိုအပ်ချက်ပိုင်းတွင်ပိုမို အားထုတ်ကြိုးပမ်းရန်လိုအပ်ကြောင်းအတည်တကျထုတ်ပြန်ခဲ့သည်။ဒုက္ခသည်များ၏လွတ်လပ်စွာသွားလာခွင့်ကိုကန့်သက်ခြင်းသည်ယင်းတို့၏အလုပ်ရှာဖွေ
လုပ်ကိုင်မှု,ကျန်းမာရေးနှင့်ပညာရေးကိုတားဆီးပိတ်ပင်မှုရှိသည်။[၂၀၁]နေအိမ်အဆောက်အအုံများအချိန်ကြာစွာ အတွက်ဆောက်လုပ်ခြင်းသည် အမြဲတမ်းအခြေချနေထိုင်မှုနှင့်ချင်းချင်းကြားခွဲခြားမှုဆက်လက်ဖြစ်ပွားလာနိုင်မှုအပေါ် ၎င်းတို့မှစိုးရိမ်မှုရှိသည်။[၂၀၂]

"ကျွန်တော်တို့ရဲ့ကလေးတွင်အတွက်စိုးရိမ်တယ်။ ကလေးတွင်ကျောင်းမသွားနိုင်တော့ဘူး၊တဲမှာနေရတာသူတို့အတွက်သူတို့ရဲ့သီးသန့်အချိန်မရှိဘူး၊ သူတို့အတွက်အနာဂါတ်မရှိတော့ဘူး" ဒုက္ခသည်အမျိုးသာတစ်ဦး၊ စစ်တွေဒုက္ခသည်စခန်း [၂၀၃]

"ကျွန်တော်တို့ ဒီမှာဘယ်အလှူရှင်၊ဘယ်INGO ကမှဘာစားစရာ၊ဘာဆေးမှမရတာတစ်လကျော်ရှိပြီ။ဒီရက်အတွင်းကျွန်တော်တို့အရမ်းပဲဝေတ်ပြတ်နေတယ်" ဒုက္ခသည်အမျိုးသာတစ်ဦး၊ စစ်တွေဒုက္ခသည်စခန်း [၂၀၄]

"ကျွန်မအစာမစားရပဲဝေတ်နေတာသုံးရက်ရှိပြီ" ဒုက္ခသည်အမျိုးသမီး စစ်တွေဒုက္ခသည်စခန်း [၂၀၅]

"ကျွန်မအခုအစိုးရိမ်ဆုံးကနေအိမ်ပဲ၊ တဲအိမ်ကမကောင်းဘူး။ မကြာခင်မိုးရာသီကလာတော့မယ်၊ ကျွန်မတို့မိုးလုံလေလုံမရှိသည့်အပြင်စားစရာလည်းလောက်ငအောင်မရှိဘူး။ စားစရာမရှိပဲကျွန်မတို့ဘယ်လိုအသက်ရှင်မလဲ။ကျွန်မတို့ဒီမှာဝတ်ပြတ်နေပြီ"ဒုက္ခသည်အမျိုးသမီး စစ်တွေဒုက္ခသည်စခန်း [၂၀၆]

May 25, 2013

The Rakhine State government imposes a two-child limit only on Rohingyas in an apparent attempt to stem the growth of the Muslim population.

May 28, 2013

Buddhist mobs set fire to a mosque, a madrassa, and Muslim shops over two days in the city of Lashio in Shan State.

May 29, 2013

Buddhist mobs destroy a mosque and a madrassa in Mone, a small town in the Bago Division.

နိဂုံး

